# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၈၅)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၁၂ ရက် ၊ ၁၁-၆-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)


**ယနေ့ ဖတ်စရာ အညွှန်း**

အဝလွန်သူများ ကိုယ်တွင်း ရောင်ရမ်းမှု လျော့ကျစေရန် ခရမ်းချဉ်သီး-ပဲပုပ် ဖျော်ရည် သောက်သုံးနိုင်

စာမျက်နှာ ၇

---

နာဆာက လဆင်းသက်ယာဉ်နှစ်စင်း ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှု ၂၀၂၇ ခုနှစ်တွင် ပြုလုပ်မည်

စာမျက်နှာ ၈

---

သွေးတိုးရောဂါ (တိတ်တဆိတ် အန္တရာယ်ပေးနိုင်တဲ့ Silent Killer)(ဆောင်းပါး)

စာမျက်နှာ ၁၄


## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

### တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့ ဆင်သေချောင်းကူးတံတားအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

နေပြည်တော် ဇွန် ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ သို့ ☆

## ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၀

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လီဆူ၊ ကယန်း၊ ကရင်ဖြူ၊ လိုင်ချင်း၊ အရှိုချင်း၊ ဒါးရင်ဒူး၊ မွန်၊ ရခိုင်၊ သျှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ရာ အားလုံးအတူတကွ လက်တွဲပြီး တိုင်းရင်းသားများအတွက် ရေးရှု၍ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးက အသင်းအဖွဲ့များ၏ ဒေသဖွံ့ဖြိုးရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ရေး၊ တိုင်းရင်းသားစာပေဖော်ထုတ်ရေး၊ တိုင်းရင်းသားဘာသာစာပေသင်(TA/LT) ဆရာ ဆရာမများ ခန့်ထားရေးနှင့် သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်



ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့ ၁၀ ဖွဲ့အား ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဓလ**

၂၀၂၆ ခုနှစ်၊ ဇွန် ၁၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# အရည်အချင်းရှိသော လူတစ်ဦးဖြစ်စေရန် ထာဝရကြိုးစားနေရမည်

လူသားတိုင်း ဖြတ်သန်းရသော ဘဝခရီးတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးစားပြုမူ နေထိုင်ကြရမည်ဖြစ်သည်။ ကြိုးစားမှုဆိုသည်မှာ တစ်စုံတစ်ခုသောရလဒ်အတွက် အားထုတ်ခြင်းကိုဆိုလိုသည်။ ဖြတ်သန်းရမည့် မိမိတို့၏ရည်ရွယ်ချက် ရည်မှန်းချက် လိုအင်ဆန္ဒများအတွက် ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်ထက်သန်သန်ဆောင်ရွက်ခြင်းသည် ကြိုးစားမှုဖြစ်သည်။ တစ်နည်းအားဖြင့်ကြိုးစားမှုသည် ကိုယ့်အားကိုယ်ကိုးခြင်းဖြစ်သည်။ ကြိုးစားမှုတွင် ယုံကြည်ချက်လည်း အရင်းခံသည်။ အခက်အခဲမှန်သမျှကို နည်းအမျိုးမျိုးဖြင့် ကျော်ဖြတ်မည်ဟူသော စွမ်းရည်သည်ကြိုးစားမှုစိတ်ဓာတ်ဖြစ်သည်။ မိခင်ရင်ခွင်မှ မိမိကိုယ်မိမိအားကိုး၍ လျှောက်လှမ်းနိုင်သည့်အရွယ်သို့ရောက်ကတည်းက မိမိ၏ဘဝရပ်တည်မှုအတွက် နိဒါန်းစကာ ကြိုးစားခဲ့ကြသည်။ သို့မှသာ လူပီသမည်ဖြစ်သည်။ လူမှန်လျှင် ပညာရှာရမည်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမည်။ ထိုအခါ ကြိုးစားအားထုတ်မှုပါဝင်လာသည်။ ကြိုးစားတိုင်းသည် အချည်းအနှီးမဖြစ်ပါ။ လုပ်သားတစ်ဦးသည် ကျောက်တုံးကြီးကိုထုခွဲသည်။ တစ်ချက်၊ နှစ်ချက်ထုရုံနှင့် ကျောက်တုံးက မကွဲ၊ အချက်ပေါင်းများစွာ ထုတော့လည်း မကွဲ။ နောင်ဆုံးအချက်တွင် ကျောက်တုံးကွဲသွားသည်။ ထိုသို့ကျောက်တုံးကွဲခြင်းသည် နောက်ဆုံးအချက်ကြောင့် မဟုတ် ရှေ့ကကြိုးစာထုခဲ့သော အချက်ပေါင်းများစွာကြောင့် ကျောက်တုံးကြီး ကွဲရခြင်းဖြစ်သည်။ မိမိတို့၏ ကြိုးစားအားထုတ်မှုသည် တစ်ချိန်ချိန်တွင် အကျိုးသက်ရောက်မှုကို ခံစားရမည်ဖြစ်သည်။

ထို့ပြင် ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးရှိရာတွင် ကံလည်းကောင်းသည်။ ဉာဏ်လည်းကောင်းသည်။ ဝီရိယဟူသော ကြိုးစားအားထုတ်မှုမရှိလျှင် မည်သည့်နည်းနှင့်မျှ အောင်မြင်မှုကို မရရှိနိုင်ပါ။ အချို့သောသူများသည် ကံကိုယုံကြည်ကြသည်။ ကံကောင်းလျှင်အောင်မြင်မည်ဟု ထင်မှတ်ကြသည်။ အမှန်မှာ ကံဆိုသည်မှာ ကြိုးစားအလုပ်လုပ်ခြင်းဖြစ်သည်။ အလုပ်လုပ်ခြင်းသည်သာလျှင် ကံကောင်းခြင်း၏ ရေသောက်မြစ်ဖြစ်သည်။ သီးလုံးဆရာတော်က "လောကလူ့ရွာ၊ ဘုံခမ္မာတွင် ကံသာလျှင်အမိဟု ဆိုရိုးရှိလည်း ဝီရိယလျှင် ဉာဏ်နှင့်ယှဉ်မှ စီစဉ်သမျှကိစ္စဝယ် လုံးဝအောင်မြင် ဖြစ်လိမ့်ပင်"ဟု ဆိုထားသည်။ ထို့ကြောင့်ကံကို မယုံဘဲ ဝီရိယဖြင့် ကြိုးစားရန်လိုအပ်မည်ဖြစ်သည်။ ပျင်းရိခြင်းသည်လည်း အောင်မြင်မှုမရအောင် အတားအဆီးပြုသည့် ရန်သူဖြစ်သည်။ ပျင်းရိသူတို့သည် ကြိုးစားအားထုတ်ရန် နေရွှေ့ ညရွှေ့ လုပ်တတ်သောကြောင့် အောင်မြင်မှုပန်းတိုင်ဆီသို့မရောက်နိုင်ဘဲ လမ်းတွင်ကြန့်ကြာနေတတ်သည်။ မည်သို့ပင် အရည်အချင်းရှိသူ တော်သူဖြစ်သောလည်း ပျင်းရိနေက အကျိုးမထူးနိုင်ပါ။ ထို့ပြင် ပျင်းရိ၍ တာဝန်ချိန်ပျက်ကွက်သောသူသည်လည်း တိုးတက်လာမည့် အခွင့်အရေးများ မေးမိန်လာမည်ဖြစ်သည်။ အစွမ်းအစရှိသော်လည်း ကြိုးစားအားထုတ်မှုနည်းသောသူတို့သည် အစွမ်းအစနည်းသော်လည်း ကြိုးစားအားထုတ်မှုရှိသူတို့၏အောက်သို့ ကျရောက်တတ်စမြဲဖြစ်သည်ကို လူတိုင်းသတိပြုသင့်သည်။ သို့ဖြစ်ရာ ကြိုးစားအားထုတ်မှုရလဒ်ကောင်းသည် အောင်မြင်မှု၏ အဖူးအပွင့်ဖြစ်သည်။ အရည်အချင်းရှိသောလူတစ်ဦးဖြစ်စေရန် ထာဝရကြိုးစားနေရမည်ဖြစ်သည်။ ထို့ကြောင့် နာရီတိုင်း၊ စက္ကန့်တိုင်း ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် တက်ကြွနိုးကြားနေရမည်ဖြစ်ရာ မိမိတို့၏အနာဂတ်သည် မိမိတို့၏ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်နေပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဟန်ဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သိင်္ဂီမြင့် | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဉာဏ်ဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန<br>အားကစားရေးရာဝန်ကြီးဌာန |
| (၄) | ဦးလှအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## အလှူခံဌာနအသီးသီးသို့ အလှူငွေများ လှူဒါန်း

**မန္တလေး ဇွန် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနေ ဦးတင်အောင်+ ဒေါ်ဆွဲ(ခ)ဒေါ်ညွန့်ညွန့်(သမာဓိကားပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေး)မိသားစုတို့က ယနေ့နံနက် ၉ နာရီတွင် အလှူခံဌာနအသီးသီးသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် အလှူရှင် ဦးတင်အောင် + ဒေါ်ဆွဲ(ခ) ဒေါ်ညွန့်ညွန့်(သမာဓိကားပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေး) မိသားစုတို့က မဟာမြတ်မုနိဘုရားကြီး ရွှေစင်ရွှေပြား ၃ ချပ်ကပ်လှူငွေကျပ်သိန်း ၂၇၀၊ ဒက္ခိဏာရာမာဘုရားကြီးတိုက် လည်ပေါ်ကျောင်းဆရာတော် ဦးစန္ဒာဝရအား နဝကမ္မအလှူတော်ငွေကျပ်သိန်း ၁၀၀၊ ဖြုဟ္မစိုရ်ကျောက်ကပ်ဖောင်းဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၁၀၀၊ မြဝတီမမ္မဗိမာန်ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၀၀၊ စာပဒေသာပင် အလှူငွေကျပ် သိန်း ၂၀၀၊ ဆွမ်းပဒေသာပင်ငွေကျပ် သိန်း ၂၀၀နှင့် ဗြဟ္မစိုရ်မျက်စေ့ ဖောင်းဒေးရှင်းအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို အလှူရှင်ဦးတင်အောင်+ ဒေါ်ဆွဲ(ခ)ဒေါ်ညွန့်ညွန့်(သား)မန္တလေး၊ စက်မှုဇုန်(၁)၊ ယောမင်းကြီးလမ်း၊ ၁၃၅လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားနေ ဦးယုကြိုင်+ ဒေါ်နုနုရည်(သမာဓိကားပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့က အလှူငွေများပေးအပ်လှူဒါန်းကြရာ အလှူခံဌာနအသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



## ကျန်းမာရေး အဆင့်မြင့်ကျောင်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

**မန္တလေး ဇွန် ၁၀**

ကျန်းမာရေးအဆင့်မြင့်ကျောင်း(မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ ဇေသီဒါခန်းမတွင် ကျင်းပပြုလုပ်သည်။(**အောက်ပုံ**)



ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန္တာဇင်လင်းက ကျန်းမာရေးအဆင့်မြင့်ကျောင်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ အခြေခံအချက်အလက်များရရှိစေရန် ဆန်းစစ်ခြင်းဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းကို ဆက်လက် ပို့ချပေးကြသည်။

အဆိုပါဆင့်ပွားသင်တန်းသို့ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၅၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၂၄ ကျောင်း၊ စုစုပေါင်း ကျောင်း ၈၈ ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ တည်ထောင်သူများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဇွန် ၁၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

တက်ရောက်

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ ပထမရက်တွင် ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆွေးနွေးပြီး ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက် (EAOs များနှင့် ညှိနှိုင်းရရှိသည့် ၂၁ ချက် အပါအဝင်) အား လွှတ်တော်တွင် တင်သွင်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုဆိုင်ရာ သဘောထားရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်ရေး၊ ထိရောက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် နှစ်ဖက် ပူးပေါင်းဆောင်ရွက်ပြီး NCA ပါ သဘောတူညီချက်များကို အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး၊ NCA လမ်းကြောင်းမှ ထွက်ခွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို နားလည်လက်ခံပြီး NCA လုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်လာနိုင်စေရေး၊ ရွေးကောက်ခံ အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ပေးရေး၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးမူဝါဒ၊ လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးယန္တရားများကိစ္စ၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ပြည်သူများထံ ထိရောက်စွာ ရောက်ရှိခံစားနိုင်ရေး၊ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မပါသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာချက်ထုတ်ပြန်နိုင်ရေး၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်နှင့် လက်နက်ကိုင်လမ်းစဉ်မှ အသွင်ကူးပြောင်းလိုပါက ထာဝရငြိမ်းချမ်းရေးအတွက် မူဝါဒ ၄ ရပ် ဖြင့် ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ခြင်း(Peace Process Review) ဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇွန် ၁၀

နျူကလီးယား စွမ်းအင် အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA)၏ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Nuclear Energy Programme Implementing Organization-NEPIO)၏ တာဝန်နှင့် ဝတ္တရားများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) ၏ နည်းပညာရှင်များ ဖြစ်သည့် Mr. Vsevolod IGIN၊ Mr. Zeki Mehmet BASKURT နှင့် Mr. Muhammad AYUB၊ ဝန်ကြီးဌာနများမှ ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် IAEA မှ တာဝန်ရှိသူက နျူကလီးယားစွမ်းအင်ဆိုင်ရာ အမျိုးသားအဆင့် မူဝါဒ ရပ်တည်ချက်တည်ဆောက်ခြင်းနှင့်အလုံးစုံပြည့်စုံသော အစီရင်ခံစာ ပြုစုတင်ပြခြင်း၊ နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့၏ တာဝန်ဝတ္တရားများနှင့် လုပ်ဆောင်ချက်များ၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇွန် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော စီမံကိန်းများ ဖြစ်စေရေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် UNICEF(ယူနီဆက်ဖ်)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Yasumasa Kimura အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး **"ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်"** ကို ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကလေး-တမူး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်


နေပြည်တော် ဇွန် ၁၀

တပ်မတော်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာ၍ ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကလေး-တမူး လမ်းကြောင်းအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့၍ အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြရာ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ နယ်စပ်ကုန်သွယ်ရေး လျော့ကျလာပြီး ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် အဆိုပါ ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများသည် ကလေးမြို့ဘက်မှလည်းကောင်း၊ တမူးမြို့ဘက်မှလည်းကောင်း စစ်ကြောင်းများခွဲကာ ဟန်ချက်ညီညီ ချီတက်၍ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာအနီး တစ်ဝိုက်သို့လည်းကောင်း၊ ကလေးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ၅၅ မိုင်ကျေးရွာအနီးတစ်ဝိုက်သို့လည်းကောင်း ရောက်ရှိနေပြီဖြစ်ပြီး ကလေး-တမူး လမ်းကြောင်းအား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ခဲ့သည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ဖျက်ဆီးခဲ့သည့် လမ်းတံတားများအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု။



တပ်မတော်စစ်ကြောင်းများက အရှေ့ခုံသာရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



တပ်မတော်စစ်ကြောင်းများက ၅၅ မိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



တပ်မတော်စစ်ကြောင်းများက နန်းမွတ်တားရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးထားသည့် နန်းမွတ်တား တံတားအား တွေ့မြင်ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရန်လင်းဖိုင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက ရန်လင်းဖိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



# ၂၀၂၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များ တောင်ကြီးမြို့တွင် ကျင်းပ

တောင်ကြီး ဇွန် ၁၀

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲစဉ်များကို ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ပြည်နယ်မိုးလုံလေလုံအားကစားခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ယနေ့ ပထမပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက အိမ်ရှင် ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ၊ ၂ ပွဲဖြင့် အကြိတ်အနယ်ကစားပြီး အနိုင်ရရှိသွားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းအသင်းက ပဲခူးတိုင်းအသင်းကို ၃၊ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိကာ ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းအသင်းကို ၃ ပွဲပြတ်ဖြင့် နိုင်ပြီး ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့် နိုင်၍ မန္တလေးတိုင်းဒေသကြီးအသင်းကလည်း နေပြည်တော်အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄ဝ)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ရေမွှေးဆွတ်ခြင်း အနုပညာ

စတိုင်လ်ကျတဲ့ အဝတ်အစားတွေက သင့်ကို အမြင်အာရုံအရ ဆွဲဆောင်မှုရှိစေတယ်ဆိုရင် သင်းပျံ့တဲ့ ရေမွှေးရနံ့ကတော့ သင့်ကို လူတွေရဲ့ ရင်ထဲမှာ စွဲထင်ကျန်ရစ်စေမယ့် ဒုတိယဖက်ရှင်တစ်ခု ဖြစ်ပါတယ်။ ရေမွှေးဆွတ်တယ်ဆိုတာ ရိုးရိုးရှင်းရှင်း အရည်ဖျန်းလိုက်ရုံတင်မဟုတ်ဘဲ တစ်နေကုန် အနံ့မွှေးပျံ့နေစေဖို့ အောက်ပါ အနုပညာမြောက် လျှို့ဝှက်ချက်တွေကို သိထားဖို့ လိုအပ်ပါတယ်။




ပထမဆုံးအနေနဲ့ ရေမွှေးဆွတ်ဖို့ အကောင်းဆုံးအချိန်က ရေချိုးပြီးစ အချိန်ဖြစ်ပါတယ်။ ရေချိုးပြီးခါစမှာ အရေပြားရဲ့ ချွေးပေါက်တွေ ပွင့်နေပြီး အစိုဓာတ်ရှိနေတာကြောင့် ရေမွှေးရနံ့ကို အကောင်းဆုံး စုပ်ယူထိန်းသိမ်းပေးနိုင်ပါတယ်။ ဆွတ်တဲ့အခါမှာလည်း လေထဲ ဖျန်းတာမျိုးထက် ခန္ဓာကိုယ်ရဲ့ သွေးခုန်နှုန်းရှိပြီး အပူချိန်ပိုရှိတဲ့နေရာတွေဖြစ်တဲ့ လက်ကောက်ဝတ်၊ လည်ပင်းဘေး ပတ်ပတ်လည်နဲ့ နားရွက်နောက်နေရာတွေကို ဆွတ်ပေးသင့်ပါတယ်။ ခန္ဓာကိုယ်ရဲ့ နွေးထွေးမှုက ရနံ့ကို တစ်နေကုန် သဘာဝအတိုင်း သင်းပျံ့နေစေဖို့ ကူညီပေးလို့ ဖြစ်ပါတယ်။

ဒါ့အပြင် လူအများစုလုပ်လေ့ရှိတဲ့ အမှားက လက်ကောက်ဝတ်ချင်း ပွတ်တိုက်လိုက်ခြင်း ဖြစ်ပါတယ်။ အဲ့ဒီလိုပွတ်တိုက်ခြင်းက ရေမွှေးရဲ့ အပေါ်ယံမွှေးရနံ့ မော်လီကျူးတွေကို ပျက်စီးစေပြီး အနံ့ကို မြန်မြန်ပျောက်ကွယ်သွားစေတဲ့အတွက် မပွတ်ဘဲ ဒီအတိုင်း အလိုအလျောက် ခြောက်သွေ့ပါစေ။ အကယ်၍ သင့်အနေနဲ့ အသားအရေ ခြောက်သွေ့သူဖြစ်ပါက ရေမွှေးမဆွတ်ခင် မိမိဆွတ်မယ့်နေရာတွေကို အနံ့မပါတဲ့ Vaseline ဂျယ်လီ (သို့မဟုတ်) Body Lotion အနည်းငယ်အရင် လိမ်းပေးပါ။ အဲ့ဒီ အဆီဓာတ်က ရေမွှေးမော်လီကျူးတွေကို ဖမ်းဆွဲထားနိုင်လို့ ရနံ့ကို နှစ်ဆ ပိုမိုကြာရှည်ခံစေပါတယ်။ ရေမွှေးဆိုတာ သင့်ရဲ့ ပင်ကိုယ်စရိုက်နဲ့ စတိုင်လ်ကို ဖော်ပြပေးတဲ့ အသံတိတ်ဘာသာစကားတစ်ခုဖြစ်တာကြောင့် အခုလို စနစ်တကျ ဆွတ်ထားတဲ့ ရေမွှေးရနံ့က သင့်ကို လူကြားထဲမှာ ပိုမိုစမတ်ကျပြီး ယုံကြည်မှုအပြည့်ရှိတဲ့ ဆွဲဆောင်မှုရှိသူတစ်ယောက်အဖြစ် ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။

Daisy

## အတွင်းပိုင်းအထိ ကြည်လင်ဝင်းပတဲ့ အသားအရေကို ပိုင်ဆိုင်စေမည့် Double Cleansing လျှို့ဝှက်ချက်



မိတ်ကပ်တွေ ဘယ်လောက်ပဲ ကောင်းကောင်းလိမ်းပါစေ၊ Skincare တွေ ဘယ်လောက်ပဲ ဈေးကြီးတာသုံးသုံး မိမိရဲ့အသားအရေက မှိုင်းညို့ပြီး ဝက်ခြံတွေ ခဏခဏ ထွက်နေတယ်ဆိုရင် ဒါဟာ မျက်နှာသန့်စင်မှု မပြည့်စုံလို့ ဖြစ်နိုင်ပါတယ်။ နေ့စဉ် အသုံးပြုနေတဲ့ မိတ်ကပ်၊ နေလောင်ကာခရင်မ် (Sunscreen) နဲ့ လေထုထဲက ဖုန်မှုန့်ညစ်ညမ်းမှုတွေဟာ ရိုးရိုးမျက်နှာသစ်ဆပ်ပြာရည် တစ်မျိုးတည်းနဲ့တင် စင်ကြယ်အောင် ဆေးချဖို့ မလုံလောက်ပါဘူး။ ဒါကြောင့် အလှအပရေးရာမှာ မရှိမဖြစ်လိုအပ်တဲ့ နည်းလမ်းကတော့ မျက်နှာကို အဆင့်နှစ်ဆင့်ခွဲပြီး သန့်စင်ရမယ့် Double Cleansing နည်းလမ်းပဲ ဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ အဆီအခြေခံတဲ့ သန့်စင်ဆေး Cleansing Oil (သို့မဟုတ်) Cleansing Balm ကို အသုံးပြုပြီး ခြောက်သွေ့နေတဲ့ မျက်နှာပေါ်မှာ မိနစ်ဝက်ခန့် ညင်သာစွာ နှိပ်နယ်ပေးရပါမယ်။ ထိုအဆီဓာတ်က မျက်နှာပေါ်က မိတ်ကပ်တွေ၊ Sunscreen တွေနဲ့ ချွေးပေါက်ထဲက ပိတ်ဆို့နေတဲ့ အဆီပိုတွေကို အရည်ပျော်ကျသွားစေပါတယ်။ ပြီးနောက် ရေအနည်းငယ်ဆွတ်ပြီး ထပ်မံနှိပ်နယ်ကာ ရေနဲ့ ဆေးချလိုက်ပါ။ ဒုတိယအဆင့်အနေနဲ့ကတော့ မိမိအသားအရေနဲ့ လိုက်ဖက်တဲ့ ရေအခြေခံမျက်နှာသစ်ဆပ်ပြာ (Water-based Foam (သို့မဟုတ်) Gel Cleanser ကို သုံးပြီး မျက်နှာကို ပုံမှန်အတိုင်း ထပ်မံသစ်ပေးရပါမယ်။ ဒီအဆင့်က ပထမအဆင့်မှာ ကျန်ရှိနေတဲ့ အညစ်အကြေးတွေနဲ့ ချွေးတွေကို အမြစ်ပြတ် စင်ကြယ်သွားစေပါတယ်။

ညဘက်အိပ်ရာမဝင်မီ ဤကဲ့သို့ နေ့တိုင်း ပုံမှန်စနစ်တကျ မျက်နှာသန့်စင်ပေးခြင်းဖြင့် ချွေးပေါက်ပိတ်ဆို့ပြီး ဝက်ခြံနဲ့ ဆားဝက်ခြံဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် သန့်ရှင်းစင်ကြယ်သွားတဲ့ ချွေးပေါက်လေးတွေကြောင့် နောက်ထပ်လိမ်းမယ့် Skincare (Toner, Serum, Cream) တွေကို အသားအရေထဲသို့ အပြည့်အဝ စိမ့်ဝင်စုပ်ယူနိုင်စေလို့ အချိန်တိုအတွင်းမှာ သိသာထူးခြားစွာ ကြည်လင်ဝင်းပပြီး ကျန်းမာစိုပြည်တဲ့ (Glass Skin) အသားအရေကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

Daisy

## နုပျိုခြင်းကို ရေရှည်ထိန်းသိမ်းပေးမည့် Beauty Sleep

"Beauty Sleep" (သို့မဟုတ်) အလှအပအတွက် အိပ်စက်ခြင်းဆိုတာ စကားအလှပြောတာ မဟုတ်ဘဲ သိပ္ပံနည်းကျ ထိရောက်တဲ့ သဘာဝတရားရဲ့ လက်ဆောင်တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ အိပ်ပျော်နေတဲ့အချိန်၊ အထူးသဖြင့် ညဘက် ၁၀ နာရီမှ မနက် ၂ နာရီ အကြားဟာ ခန္ဓာကိုယ်ရဲ့ ဆဲလ်အသစ်တွေ ပြန်လည်မွေးဖွားခြင်းနဲ့ ပြုပြင်ခြင်းလုပ်ငန်းစဉ် (Cell Regeneration) အကောင်းဆုံး အလုပ်လုပ်တဲ့ အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ခန္ဓာကိုယ်က အသားအရေကို တင်းရင်းစိုပြည်စေပြီး အရေးအကြောင်းတွေကို ကာကွယ်ပေးတဲ့ ကော်လာဂျင် (Collagen) ပရိုတင်းဓာတ်တွေကို အများဆုံး ထုတ်လုပ်ပေးတာကြောင့် ညဘက် ၇ နာရီမှ ၈ နာရီအထိ နှစ်နှစ်ခြိုက်ခြိုက် ဝဝလင်လင် အိပ်စက်ခြင်းက မနက်ခင်းမှာ မျက်နှာကို လန်းဆန်းဝင်းပနေစေပါတယ်။

အကယ်၍ အိပ်ရေးပျက်ပါက ခန္ဓာကိုယ်က စိတ်ဖိစီးမှုဟော်မုန်း(Cortisol) တွေကို ထုတ်လုပ်လိုက်တာကြောင့် အသားအရေ ခြောက်သွေ့ခြင်း၊ မျက်ကွင်းညိုခြင်းနဲ့ မျက်အိတ်ဖောင်းခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် အိပ်စက်တဲ့အခါ အသုံးဝင်မယ့် ဖက်ရှင်နဲ့ အလှအပအကြံပြုချက်တစ်ခုကတော့ သာမန်ချည်သား ခေါင်းအုံးစွပ်တွေအစား ပိုးသားခေါင်းအုံးစွပ် (Silk Pillowcase) ကို ပြောင်းလဲအသုံးပြုပေးဖို့ ဖြစ်ပါတယ်။ ပိုးသားဟာ နူးညံ့တာကြောင့် အိပ်ပျော်နေစဉ် မျက်နှာအရေပြားနဲ့ ဆံသားအကြား ပွတ်တိုက်မှုကို လျှော့ချပေးနိုင်လို့ ဆံပင်ဖွာခြင်း၊ ဆံပင်ကျွတ်ခြင်းနဲ့ မျက်နှာပေါ်မှာ အရွယ်မတိုင်ခင် အရေးအကြောင်းများ ထင်ကျန်ရစ်ခြင်းတို့ကို ထိရောက်စွာ ကာကွယ်ပေးနိုင်ပါတယ်။

Daisy



## ကျိုးကြေလွယ်တဲ့ လက်သည်းတွေကို သန်စွမ်းပြီး ပန်းရောင်သန်းစေမည့် ထိန်းသိမ်းနည်း

မျက်နှာနဲ့ ဆံကေသာကို ဘယ်လောက်ပဲ လှပအောင် ပြင်ဆင်ထားပါစေ၊ စကားပြောတဲ့အခါဖြစ်ဖြစ်၊ ပစ္စည်းတစ်ခုခု ကမ်းပေးတဲ့အခါဖြစ်ဖြစ် ထိပ်ဆုံးက မြင်သာတဲ့ လက်သည်း၊ ခြေသည်းတွေက ဝါပြီး ကျိုးကြေလွယ်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို လျော့နည်းစေနိုင်ပါတယ်။ လူအများစုဟာ လက်သည်းလှစေဖို့အတွက် လက်သည်းနီဆိုးခြင်း၊ Gel ဓာတ်ပြားများ ကပ်ခြင်းတို့ကို ခဏခဏ ပြုလုပ်လေ့ရှိကြပေမယ့် လက်သည်းနီနဲ့ လက်သည်းဖျက်ဆေး (Acetone) ထဲမှာ ပါဝင်တဲ့ ပြင်းထန်တဲ့ ဓာတုပစ္စည်းတွေကြောင့် ရေရှည်မှာ လက်သည်းတွေ အဝါရောင် ပြောင်းလာပြီး ခြောက်သွေ့ကာ အလွှာလိုက် ကွာကျတတ်ပါတယ်။ ဒါကြောင့် လက်သည်းတွေကို ပင်ကိုယ်အတိုင်း သန်စွမ်းပြီး ပန်းရောင်သန်းကာ ဝင်းပနေစေဖို့ အိမ်မှာတင် အလွယ်တကူ ပြုလုပ်နိုင်တဲ့ သဘာဝအတိုင်း ထိန်းသိမ်းနည်းတွေကို စနစ်တကျ ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။

ပထမဆုံးအနေနဲ့ လက်သည်းတွေ ကျိုးလွယ်ရခြင်းရဲ့ အဓိက အကြောင်းအရင်းကတော့ အစိုဓာတ်ခန်းခြောက်လို့ပဲ ဖြစ်တာကြောင့် ဗီတာမင် E ကြွယ်ဝတဲ့ သံလွင်ဆီကို ကြက်သီးနွေးရုံလေး အပူပေးပြီး လက်သည်း၊ ခြေသည်းတွေကို ၁၀ မိနစ်ကနေ ၁၅ မိနစ်ခန့် စိမ်ပေးရပါမယ်။ ဒီလိုပြုလုပ်ပေးခြင်းက လက်သည်းတွေကို နူးညံ့ပျော့ပျောင်းစေပြီး ကျိုးကြေလွယ်ခြင်းမှ ကာကွယ်ပေးတဲ့အပြင် လက်သည်းဘေးက အသားပတ်တာတွေကိုပါ သက်သာစေပါတယ်။ ဒါ့အပြင် လက်သည်းနီ ခဏခဏဆိုးခြင်းကြောင့် လက်သည်းတွေ ဝါညစ်နေပါက သံပရာရည် စားပွဲတင်ဇွန်း တစ်ဇွန်းထဲသို့ အုန်းဆီအနည်းငယ် ထည့်မွှေပြီး ဂွမ်းစလေးဖြင့် လက်သည်းပေါ်ကို အသာအယာပွတ်တိုက်ပေးခြင်းဖြင့် သဘာဝအတိုင်း ပြန်လည်ဖြူစင်တောက်ပလာစေနိုင်ပါတယ်။

အပြင်ပန်းက ထိန်းသိမ်းရုံ တင်မကဘဲ အတွင်းပိုင်းကပါ သန်စွမ်းဖို့အတွက် ဗီတာမင် B7 ဟုခေါ်သော ဘိုင်အိုတင် (Biotin) ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေဖြစ်တဲ့ ကြက်ဥနှစ်၊ အခွံမာသီး၊ အသည်းနဲ့ ဟင်းနုနွယ်တို့ကို အဓိက စားသုံးပေးရမှာဖြစ်ပြီး တစ်နေ့တာ ရေဓာတ်ပြည့်ဝအောင် သောက်သုံးခြင်းကလည်း လက်သည်းတွေကို စိုစွတ်ကျန်းမာစေပါတယ်။ လှပတဲ့ လက်ချောင်းလေးတွေနဲ့ ကျန်းမာတဲ့ လက်သည်းတစ်စုံကို ပိုင်ဆိုင်ဖို့အတွက် တစ်ပတ်ကို တစ်ကြိမ်(သို့မဟုတ်) နှစ်ကြိမ်ခန့် ဤသဘာဝနည်းလမ်းလေးတွေကို ပုံမှန်လုပ်ဆောင်ပေးသင့်တဲ့အပြင် အိမ်အလုပ်လုပ်တဲ့အခါ၊ ပန်းကန်ဆေးတဲ့အခါမျိုးမှာလည်း ဆပ်ပြာပြင်းပြင်းတွေနဲ့ လက်သည်းကို တိုက်ရိုက်မထိတွေ့စေဖို့ ရာဘာလက်အိတ်စွပ်ပြီး လုပ်ကိုင်ပေးခြင်းက သင့်ရဲ့လက်သည်းလေးတွေကို ရေရှည်ကာကွယ်ရာ ရောက်ပါတယ်။

Daisy

## ခန္ဓာကိုယ်အတွင်းပိုင်းကနေ တောက်ပလာစေမည့် ရေဓာတ်ဖြည့်တင်းခြင်း အနုပညာ

ဈေးကြီးတဲ့ ပေါင်းတင်ခရင်မ်တွေနဲ့ Skincare ပစ္စည်းတွေ ဘယ်လောက်ပဲသုံးသုံး အသားအရေကို အတွင်းပိုင်းကနေ အပြင်ဘက်အထိ စိုစွတ်တောက်ပနေစေဖို့အတွက် အခြေခံအကျဆုံးနဲ့ အရေးအကြီးဆုံးနည်းလမ်းကတော့ ခန္ဓာကိုယ်မှာ ရေဓာတ်ပြည့်ဝနေစေဖို့ပဲ ဖြစ်ပါတယ်။ တစ်နေ့ကို ရေအနည်းဆုံး ရှစ်ခွက်ကနေ ၁၀ ခွက် (သို့မဟုတ် နှစ်လီတာခန့်) ပုံမှန်သောက်ပေးခြင်းက အရေပြားဆဲလ်တွေအတွင်းက မလိုအပ်တဲ့ အဆိပ်အတောက်တွေနဲ့ စွန့်ပစ်ပစ္စည်းတွေကို ဆေးကြောဖယ်ရှားပေးပြီး ဆဲလ်တွေကို တင်းပြည့်စိုစွတ်စေတာကြောင့် အသားခြောက်တာ၊ အဖတ်လှန်တာနဲ့ အဆီပြန်တာတွေကို သက်သာစေပါတယ်။ (ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်တဲ့အခါ အသားအရေက အစိုဓာတ်ထိန်းဖို့ အဆီတွေကို ပိုမိုထုတ်လုပ်တတ်လို့ အဆီပြန်တာ ဖြစ်ပါတယ်။

အထူးသဖြင့် မနက်အိပ်ရာထထချင်းမှာ ဘာမှမစားရသေးမီ ရေနွေးနွေးတစ်ခွက် (သို့မဟုတ်) သံပရာရည် အနည်းငယ်ညှစ်ထားတဲ့ ရေနွေးနွေးလေးကို သောက်ပေးခြင်းက အစာအိမ်နဲ့ အူလမ်းကြောင်းကို သန့်စင်ပေးရုံတင်မကဘဲ ခန္ဓာကိုယ်ရဲ့ သွေးလည်ပတ်မှုစနစ်ကို ချက်ချင်းအားကောင်းစေပါတယ်။ သွေးလည်ပတ်မှု ကောင်းမွန်လာတဲ့အခါ မျက်နှာအရေပြားဆီကို အောက်ဆီဂျင်နဲ့ အာဟာရဓာတ်တွေ ပိုမိုရောက်ရှိသွားတာကြောင့် မိတ်ကပ်တွေ အများကြီး လိမ်းစရာမလိုဘဲ ပါးပြင်လေးတွေ သဘာဝအတိုင်း ပန်းရောင်သန်းကာ ဝင်းပကြည်လင်လာစေမှာ ဖြစ်ပါတယ်။

Daisy

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ထိုင်းမင်းသား Nack Charlie ဘဝတစ်သက်တာ စုဆောင်းခဲ့သမျှ ဆုံးရှုံးသွား

ထိုင်းအနုပညာရှင်မင်းသား နက်ရှာလီသည် ဘဝတစ်သက်တာ စုဆောင်းခဲ့သမျှ တစ်ညတည်းနှင့် ဆုံးရှုံးခဲ့ရသည့်အကြောင်း ထိုင်းအပ်ဒိတ်တွင် ဖော်ပြသည်။

နက်ရှာလီသည် သူ၏ နေအိမ်၌ သိန်းပေါင်းသောင်းချီတန်ဖိုးရှိသည့် ပစ္စည်းများ ခိုးယူခံခဲ့ရကြောင်း၊ ဆုံးရှုံးမှုများမှာ ငွေသား၊ ရွှေထည်များနှင့် ဘတ်သန်းလေးငါးဆယ်တန် မီးခံသေတ္တာကြီး တစ်ခုလုံး ခိုးယူခံရကြောင်း ပြောကြားခဲ့ကာ အနာဂတ်အတွက် စီမံထားသမျှ ပျက်စီးသွားခဲ့ရသည်ဟု ဆိုသည်။

နက်ရှာလီ နှစ်သက်မြတ်နိုးရာ စုဆောင်းထားသည့် တယောအလက် ၃၀၀ ကျော် ၄၀၀ နီးပါးလည်း ခိုးယူခံရကာ တရားဝင် ဥပဒေနှင့်အညီ ကိုင်ဆောင်ခွင့်ရထားသည့် သေနတ်အလက် ၅၀ ကျော်လည်း ပါသွားခဲ့သည်။

အသက်ကြီးလာသည့်အခါ အေးဆေးစွာ နေထိုင်နိုင်ရန် တစ်ဘဝလုံး စုဆောင်းထားသည့် အရာများဖြစ်ကြောင်း မျက်ရည်ဝဲရင်း ရင်ဖွင့်ထားသည်ကို တွေ့ရသည်။

(SKY)





## အဝလွန်သူများ ကိုယ်တွင်း ရောင်ရမ်းမှုလျော့ကျစေရန် ခရမ်းချဉ်သီး-ပဲပုပ်ဖျော်ရည် သောက်သုံးနိုင်

အပင်မှရရှိသော ဒြပ်ပေါင်းများ ကြွယ်ဝသည့် ခရမ်းချဉ်သီးနှင့် ပဲပုပ်ဖျော်ရည်သည် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုကို ဖြစ်စေသည့် အချက်ပြမှုများကို ပြောင်းလဲပေးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

အပင်ထွက်ဒြပ်ပေါင်းများ ကြွယ်ဝသော ထိုဖျော်ရည်ကို လေးပတ်ကြာ သောက်သုံးခြင်းဖြင့် ကျန်းမာသော်လည်း အဝလွန်နေသူများ၏ ကိုယ်တွင်းရောင်ရမ်းမှုကို ဖြစ်စေသည့် ပရိုတင်းဓာတ်အဆင့်များ သိသာစွာ လျော့ကျသွားစေနိုင်မည် ဖြစ်သည်။

အဆိုပါဖျော်ရည်တွင် ယခင်သုတေသနများ၌ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့် ရောင်ရမ်းမှုကို လျော့ကျစေသည့်အာနိသင်များရှိပြီး အပင်ထွက်ဒြပ်ပေါင်းများဖြစ်သော လိုင်ကိုပင်းနှင့် ပဲပုပ်အိုင်ဆိုဖလေဗုန်းဓာတ်များပါဝင်ကြောင်း သိရသည်။

SCI




## Xiao Zhan က A Small Town Remedy ရိုက်ကွင်းတွင် လေလွင့်ကြောင်များ စောင့်ရှောက်ပေး

တရုတ်အနုပညာရှင် ရှောင်ကျန့်သည် တိရစ္ဆာန်ချစ်သူတစ်ဦးဖြစ်ပြီး A Small Town Remedy ရိုက်ကွင်းတွင် လေလွင့်ကြောင်များကို စောင့်ရှောက်ပေးခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဒရာမာဇာတ်ကားရိုက်ကူးစဉ်က သူ တည်းသည့် ဟိုတယ်ကားပါကင်တွင် လေလွင့်ကြောင်တစ်ကောင်ကို တွေ့၍ နွေးထွေးစွာ အိပ်ရန် အနီရောင် ကြောင်အိမ်ကလေးတစ်လုံးနှင့် ကြောင်စာများကို ဝယ်ယူပေးခဲ့ကြောင်း လုံခြုံရေးဝန်ထမ်းက ပြောကြားခဲ့သည်။

ဟိုတယ်တွင် တည်းခိုသူတစ်ဦးကလည်း ရှောင်ကျန့်ကို အနီးကပ် ပထမဆုံးအကြိမ် မြင်ဖူးခဲ့ပြီး ကြောင်လေးကို စောင့်ရှောက်ခဲ့ကြောင်း ပြောကြားခဲ့ကာ ကျင်ကျိုမြို့ဒေသခံများကလည်း ရှောင်ကျန့်က လေလွင့်ကြောင်လေးအကြောင်း လူမှုကွန်ရက်တွင် တင်ထားခဲ့ကြသည်။

ရှောင်ကျန့်က ရိုက်ကွင်းတစ်ခုလုံးအတွက် စားစရာများ စီစဉ်ပေးခဲ့ပြီး အလုပ်များသည့်ကြားမှ ကြောင်လေးအတွက်ပါ စီစဉ်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ်က သူ့လစာ ယွမ်သုံးထောင်ကို တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့အစည်း၏ ကြောင်အိမ်လှူဒါန်းရေး စီမံကိန်းအတွက် ကြောင်အိမ် ၁၀ လုံးစာ လှူဒါန်းခဲ့သည်။

(SKY)

## Song Ji Hyo တရားဝင်လက်ထပ်မည့်သတင်း ကြေညာ

နာမည်ကျော်ရသစုံ အစီအစဉ် Running Man အဖွဲ့ဝင် Song Ji Hyo အမည်ရင်း Cheon Soo Yeon က တရားဝင်လက်ထပ်မည့်သတင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုတော်၊ သရုပ်ဆောင်၊ Running Man အဖွဲ့ဝင် Song Ji Hyo ၏ အချစ်ရေးသတင်းကို ပရိသတ် စိတ်ဝင်စားခဲ့ကြပြီး အချစ်ဦးမင်းသား ဂျိုဂျီဟွန်းနှင့် ပြန်လည်တွဲစေချင်နေကြသည်။ ဧပြီ ၁၆ ရက်တွင် ယူကျူ့ချန်နယ်တွင် တင်ခဲ့သော ဗီဒီယိုဖိုင်ကြောင့် အားလုံး အံ့အားတသင့်ဖြစ်ခဲ့ကြသည်။

အဆိုပါ ဗီဒီယိုတွင် Song Ji Hyo က သူငယ်ချင်း ဒေးဗစ်လီကို ထမင်းစားဖိတ်ကြားရင်း သတင်းစကားပြောကြားခဲ့ကာ ဖုန်းမှတစ်ဆင့် မင်္ဂလာဆောင်ဖိတ်စာဖြစ်ကာ ၂၀၂၆ ခုနှစ်၊ မေ ၃၀ ရက်တွင် ဆိုးလ်မြို့ နာမည်ကြီး ရှီလာဟိုတယ်၌ မင်္ဂလာပွဲကျင်းပမည် ဖြစ်သည်။

ယင်းမက်ဆေ့ချ်တွင် Song Ji Hyo ၏ နာမည်ရင်း Cheon Soo Yeon နှင့် ဂျင်ဝူပတ်တို့ မင်္ဂလာဆောင်ဖိတ်စာဖြစ်ကာ ၂၀၂၆ ခုနှစ်၊ မေ ၃၀ ရက်တွင် ဆိုးလ်မြို့ နာမည်ကြီး ရှီလာဟိုတယ်၌ မင်္ဂလာပွဲကျင်းပမည် ဖြစ်သည်။

(SKY)



## Black Pink အဖွဲ့ဝင်များနှင့် ထိပ်တန်းကေပေါ့ပ် အိုင်ဒေါလ်များကိုယ်ပိုင်အင်တာတိန်းမန့် ပိုင်ဆိုင်ကြ

ကိုယ်ပိုင်အင်တာတိန်းမန့် ထောင်ထားကြသည့် ထိပ်တန်းကေပေါ့ပ်အိုင်ဒေါလ်များတွင် ဘလက်ပင့်ခ်အဖွဲ့ဝင်များလည်း ပါဝင်ထားကြပြီး အနုပညာလှုပ်ရှားနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် ဂျင်းနီက ODD ATELIER (OA) အမည်နှင့် ၂၀၂၃ ခုနှစ် နှစ်ဦးပိုင်းတွင် ပထမဆုံးကိုယ်ပိုင် Label ကို တည်ထောင်ကာ လီဆာက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် LLOUD နှင့် မိတ်ဆက်၍ ဂျီဆူးက BLISSOO ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ၊ ရိုစ်က The Black Label နှင့် စာချုပ်ထားပြီး ကိုယ်ပိုင်စီမံကိန်းရေးဆွဲနေသည်။

အိပ်ဖိုမှ ဘိတ်ဟွမ်းက INBIOO ကုမ္ပဏီ၊ ဇီကိုက KO2 အင်တာတိန်းမန့်၊ ဂျေပတ်က AOMG နှင့် HIGHR MUSIC ကန်ဒယ်နရယ်က KONNECT အင်တာတိန်းမန့်၊ ရိန်းက R.A.I.N ကုမ္ပဏီ၊ စစ္စတာမှ ဟိုလင်က Birds(Bridge) တို့ကို တည်ထောင်ထားကြသည်။

အဆိုပါ ကိုယ်ပိုင်အင်တာတိန်းမန့်(ခေါ်)လေဘယ်များ တည်ထောင်၍ လွတ်လပ်စွာ အနုပညာလှုပ်ရှားနေကြသော ကေပေါ့ပ်များတွင် ဘလက်ပင့်ခ်အဖွဲ့လည်း ပါဝင်သည်။

(SKY)



## Bighit မှ Kim Mi Jeong က ဒယ်ဂူးကြယ်တစ်ပွင့်အကြောင်း ပြောကြား

Bighit Music မှ အနုပညာရှင်သစ် ရှာဖွေဖော်ထုတ်ရေး လုပ်ကိုင်ခဲ့သည့် ပရိုဂျူဆာ ကင်မီဂျောင်းက လူရွေးပွဲတွင် ဒယ်ဂူးကြယ်တစ်ပွင့် V (ခေါ်) Kim Tae Hyung အကြောင်း ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဒယ်ဂူးလူရွေးပွဲတွင် သင်တန်းသားများစွာအနက် မြင်လိုက်ရုံဖြင့် ကြက်သီးထရလောက်သည့် အရှိန်အဝါနှင့် Idol ဖြစ်ဖို့ မွေးဖွားလာသည့် ဒယ်ဂူးကြယ်တစ်ပွင့်ကို မြင်ခဲ့ရသည်မှာ V(ခေါ်) Kim Tae Hyung ဖြစ်နေသည်။

အလွန်ပူသော ဒယ်ဂူးဒေသတွင် ဟောင်းနွမ်းနေသည့် သင်တန်းကျောင်းတစ်ခု၊ လူငယ်များမရှိဘဲ လူကြီးများသာရှိ၍ ပွဲလုပ်စဉ်က ပုံများကြည့်ရာမှ မျက်လုံးထဲ တန်းခနဲဝင်ရောက်လာသော V ကို တွေ့ပြီး လူရွေးပွဲလျှောက်လွှာလှမ်းလာစဉ် သေချာပေါက် Idol ဖြစ်မည့်သူဟု တွေးခဲ့သည်။

သူငယ်ချင်းနှင့် မြေးအဘွားနှစ်ဦးအဖော်လိုက်ပေးရင်း ဖြေဖြစ်သွားသည့် လူရွေးပွဲအောင်၍ အများစုက 'အဲ့ဒါ အလိမ်အညာကြီး' ဟု ပြောခဲ့ကြသည်။

(SKY)

*-*-*-*-*

# နာဆာက လဆင်းသက်ယာဉ်နှစ်စင်း ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှု ၂၀၂၇ ခုနှစ်တွင် ပြုလုပ်မည်



**ကယ်လီဖိုးနီးယား ဇွန် ၁၀**

လာမည့်နှစ်အတွင်း နာဆာ၏အဓိကအာကာသယာဉ်နှင့် အမေရိကန် ကုမ္ပဏီကြီးနှစ်ခု၏ လဆင်းသက်ယာဉ်များအကြား ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှုကို လုပ်ဆောင်သွားရန်အစီအစဉ်ရှိကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာက ကြေညာသည်။

**အမေရိကန်နှင့်အီတလီယာဉ်မှူးများပါဝင်**

အမေရိကန် ဦးဆောင်သည့် Artemis အပြည်ပြည်ဆိုင်ရာ လကမ္ဘာစူးစမ်းရှာဖွေရေး ပရောဂျက်အတွက် ၂၀၂၇ ခုနှစ် မစ်ရှင်ကို ဇွန် ၉ ရက်တွင် နာဆာက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ စမ်းသပ်ပျံသန်းမှုတွင် အမေရိကန် အာကာသယာဉ်မှူး သုံးဦးနှင့် အီတလီအာကာသယာဉ်မှူး တစ်ဦး ပါဝင်မည်ဖြစ်သည်။ နာဆာ၏ အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းအတွင်း Blue Origin က တည်ဆောက်သည့် လဆင်းသက်ယာဉ်နှင့် ပထမဆုံးချိတ်ဆက်မည်ဖြစ်ပြီး SpaceX က တည်ဆောက်သည့် နောက်ထပ် လဆင်းသက်ယာဉ်တစ်စင်းနှင့် ဆက်လက်ချိတ်ဆက်စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

**အရေးပါသော အဆင့်တစ်ခုဖြစ်**

အာကာသယာဉ်မှူးများသည် နည်းစနစ်ဆိုင်ရာ စမ်းသပ်မှုနှင့် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ စမ်းသပ်မှုသည် ၂၀၂၈ ခုနှစ်တွင် လပေါ်သို့ လူဆင်းသက်မည့် မစ်ရှင်အတွက် အရေးပါသော အဆင့်တစ်ခုလည်းဖြစ်သည်။ လက်တွေ့ လဆင်းမစ်ရှင်တွင် အာကာသယာဉ်မှူးများသည် လအနီးရှိ လဆင်းသက်ယာဉ်အတွင်းသို့ ဝင်ရောက်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

မေလအတွင်းက ဖလော်ရီဒါ၌ ပြုလုပ်ခဲ့သည့် စမ်းသပ်မှုတစ်ခုတွင် Blue Origin ၏ ဒုံးပျံသစ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ယခုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော်လာမည့်နှစ်စမ်းသပ်ပျံသန်းမှုအတွက် ဒုံးပျံစနစ်များကို အဆင်သင့်ဖြစ်အောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း နာဆာမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်က အီရန်ဘောလုံးပရိသတ်များအား ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ခွင့် ပိတ်ပင်နေဟု အီရန်ပြောကြား

**တီဟီရန် ဇွန် ၁၀**

လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အီရန်ဘောလုံးပရိသတ်များအတွက် ဘောလုံးပွဲလက်မှတ်များရပိုင်ခွင့်ကို အမေရိကန်က ပိတ်ပင်နေကြောင်း အီရန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

အမေရိကန်က အီရန်ဘောလုံးပရိသတ်များအတွက် လက်မှတ်ရပိုင်ခွင့်ကို ပိတ်ပင်သည့်ဆောင်ရွက်ချက်သည် တရားမျှတမှုမရှိကြောင်း အဆိုပါဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်စည်းမျဉ်းများအရ ကမ္ဘာ့ဖလားတွင် ပါဝင်သောနိုင်ငံများမှဘောလုံးအဖွဲ့ချုပ်တစ်ခုစီသည် ၎င်းတို့အသင်း၏ပွဲစဉ်များအတွက် ခွဲဝေပေးထားသော လက်မှတ်စုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းကို ရရှိခွင့်ရှိသည်။ အမေရိကန်တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်သည် နိုင်ငံတကာပြိုင်ပွဲများကို လွှမ်းမိုးလိုသည့် စိတ်ဓာတ်နှင့် ပါဝင်ယှဉ်ပြိုင်သော နိုင်ငံများအကြား တန်းတူညီမျှမှုအပေါ် ဆန့်ကျင်နေသည်ဟု အီရန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ဘာသာပြန် - စိုးသူရ

**INTERNATIONAL NEWS**
**နိုင်ငံတကာသတင်းများ**

## ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ လေဆိပ်အသစ်ကို လာမည့်အောက်တိုဘာလတွင် ဖွင့်လှစ်ပေးမည်

**ကင်ဘာရာ ဇွန် ၁၀**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ (ဩစတြေးလျ ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ) တန်ဖိုးရှိ လေဆိပ်အသစ်ကို ဆယ်စုနှစ်တစ်ခုကျော်ကြာ စီမံကိန်းချမှတ်ခဲ့ပြီးနောက် လာမည့် အောက်တိုဘာလတွင် ခရီးသည်များအတွက် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိလေဆိပ်သည် ညမထွက်ရအမိန့် ကန့်သတ်ချက်များအောက်တွင် လည်ပတ်နေရသဖြင့် လေဆိပ်အသစ် ပေါ်ပေါက်လာခြင်းသည် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့တော်မှ ညနေခင်းပိုင်းလေကြောင်းခရီးစဉ် ရွေးချယ်ခွင့်များကို တိုးပွားစေမည်ဖြစ်သည်။

သို့သော် ဆစ်ဒနီမြို့လယ်မှ အနောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ ဘတ်ဂျေရီကရီးခ်တွင် တည်ရှိသော ဝက်စတန်ဆစ်ဒနီ လေဆိပ်အသစ်သည် တစ်ရက်လျှင် ၂၄ နာရီပတ်လုံး လည်ပတ်မည်ဖြစ်သောကြောင့် လေကြောင်းလိုင်းများအနေဖြင့် လျင်မြန်စွာ တိုးတက်နေပြီး လူမျိုးစုံရောနှောနေထိုင်ရာ လူဦးရေဗဟိုချက်မဒေသသို့ ပျံသန်းပြေးဆွဲခွင့် ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

Mon

## အမေရိကန်၌ နေရောင်ခြည်စွမ်းအင်သုံးစွဲမှု တိုးတက်လာ၊ ကျောက်မီးသွေးအသုံးပြုမှု ကျဆင်းလျက်ရှိ

**ဝါရှင်တန် ဇွန် ၁၀**

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင် သုတေသနအဖွဲ့တစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်လုပ်ငန်းရှင်များအသင်းနှင့် ဝုဒ်မက္ကင်ဇီအချက်အလက်ဆန်းစစ်ရေးကုမ္ပဏီတို့က ထုတ်ပြန်သော အစီရင်ခံစာများအရ ဖယ်ဒရယ်အစိုးရ၏ မူဝါဒများ မည်သို့ပင်ရှိစေကာမူ အမေရိကန်ပြည်ထောင်စုတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု စဉ်ဆက်မပြတ် တိုးတက်လာပြီး ကျောက်မီးသွေးအသုံးပြုမှုမှာမူ ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော မေလအတွင်း အမေရိကန်နိုင်ငံ၏ စုစုပေါင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် နေရောင်ခြည်စွမ်းအင်မှ ၁၂ ဒသမ ၈ ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်ခဲ့သဖြင့် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကျောက်မီးသွေးဖြင့် ထုတ်လုပ်မှုကို ကျော်လွန်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျောက်မီးသွေးသည် ယခင်က အမေရိကန်၏ အဓိကအကျဆုံး စွမ်းအင်အရင်းအမြစ်နေရာမှ ဖယ်ပေးခဲ့ရပြီးနောက် နှစ်များပြားလာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်နိုင်မှုအချိုးအစား တဖြည်းဖြည်း ပိုမိုကျဆင်းလာခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## ဖိလစ်ပိုင်တောင်ပိုင်း အင်အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေ ၄၆ ဦးအထိ မြင့်တက်လာ



**မနီလာ ဇွန် ၁၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် လှုပ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေသည် ၄၆ ဦးအထိ မြင့်တက်လာခဲ့ပြီး ဇွန် ၁၀ ရက်တွင် ကယ်ဆယ်ရေးသမားများက ပြိုကျပျက်စီးသွားသော စူပါမားကတ်အပျက်အစီးများအောက်မှ ရုပ်အလောင်းတစ်ခုကို ဆွဲထုတ်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇွန် ၈ ရက်က မင်ဒါနာအိုကမ်းရိုးတန်းအလွန်တွင် လှုပ်ခဲ့သော အင်အား ၇ ဒသမ ၈ အဆင့်ရှိ အဆိုပါငလျင်ကြောင့် အဆောက်အအုံများ ပြိုကျခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည့်အပြင် တောင်ပိုင်းကျွန်းစု၏ နယ်မြေအတော်များများတွင် ဆူနာမီသတိပေးချက်များကိုလည်း ထုတ်ပြန်ခဲ့ရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့အစည်းက ဇွန် ၁၀ ရက်တွင် သေဆုံးသူဦးရေ ၄၅ ဦးအထိ ရှိလာသည်ဟု တိုးမြှင့်ထုတ်ပြန်ခဲ့ပြီး ပျောက်ဆုံးနေသူအရေအတွက်သည်လည်း လေးဦးမှ ၁၇ ဦးအထိ သိသာစွာ မြင့်တက်လာကြောင်း သိရသည်။

Mon

0-0-0-0-0

## ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောကြီးကို တရုတ်နိုင်ငံပိုင် သင်္ဘောကော်ပိုရေးရှင်းက တည်ဆောက်နေ



**ပေကျင်း ဇွန် ၁၀**

ကမ္ဘာ့အကြီးဆုံးနှင့် စွမ်းဆောင်ရည်အမြင့်မားဆုံး သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောကြီးကို စတင်တည်ဆောက်နေပြီဟု တရုတ်နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းက ဇွန် ၉ ရက်တွင် ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမည်ပေးရန် ကျန်ရှိနေသေးသည့် ကျူစီ-မက်စ် အမျိုးအစား၏ ပထမဆုံးသင်္ဘောကို ရှန်ဟိုင်းအခြေစိုက် လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ဟူဒေါင်း-ကျုံဟွာ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၏ ဝင်းအတွင်း၌ စတင်တည်ဆောက်နေပြီဖြစ်ရာ တရုတ်ကုမ္ပဏီနှင့် အရှေ့အလယ်ပိုင်း စွမ်းအင်ဘီလူးကြီးဖြစ်သော ကာတာစွမ်းအင်ကုမ္ပဏီတို့အကြား သမိုင်းဝင်သဘောတူညီချက်တစ်ခု၏ မှတ်တိုင် တစ်ခုဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ရည် ထောက်ပံ့သူဖြစ်သည့် ကာတာစွမ်းအင်ကုမ္ပဏီထံမှ အလွန်လေးလံသော ကျူစီ-မက်စ် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောကြီး ၁၈ စင်း တည်ဆောက်ရန်စာချုပ်ကို တရုတ်နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းက ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ရရှိခဲ့ခြင်းဖြစ်ပြီး လအနည်းငယ်အကြာတွင် နောက်ထပ် ကျူစီ-မက်စ်သင်္ဘော ခြောက်စင်းအတွက် သဘောတူညီချက်တစ်ခုကိုလည်း နှစ်ဖက်စလုံးက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Mon

## ညောင်ဦးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး

**ညောင်ဦး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူ့အကျိုးပြုလုပ်ငန်းအနေဖြင့် ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာ့စီးပွားရေးဘဏ်ခွဲရုံးသို့ သွားရောက်၍ မီးဘေးလုံခြုံရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှုရှိ၊ မရှိ ၊ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာ့စီးပွားရေးဘဏ်ခွဲရုံးမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျ မီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အရေးပေါ်သတင်းပေးပို့ အကူအညီရယူနိုင်ရန်အတွက် 191 Report Application ဆော့ဝဲလ် ထည့်သွင်းအသုံးပြုနည်းစနစ်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

(ဝံပုံ) (၄၄၅)





## ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ချောက် ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)များ မသုံးစွဲရေးနေ့ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက် နံနက် ၉ နာရီက ချောက်မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူ စသည့်အခြား ထုပ်ပိုးပစ္စည်းများဖြင့် အစားထိုး ထုတ်ပိုးသုံးစွဲစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်လတ်လတ်ငွေး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဈေးကော်မတီဝင်များ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစားထိုး အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်စသည့် အခြားထုပ်ပိုးပစ္စည်းများ အသုံးပြုရောင်းချရေးအတွက် အသိပညာပေးပြောကြားခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ပလတ်စတစ်အသုံးပြုမှု လျှော့ချရေး အစားထိုးအိတ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပဲခူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ ဦးတင်မောင်ဆွေ(၅၈)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရေကင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးတင်မောင်ဆွေဆိုသူမှာ ထွက်ပြေးသွားပြီး ၄င်း၏ နေအိမ်အောက်ထပ် ကွပ်ပျစ်ပေါ်တွင် အဆိုပါကျေးရွာနေသူများဖြစ်သည့် ဦးကျော်သူမင်း(၄၂)နှစ်၊ ဦးတင်စိုးဝင်း(၄၈)နှစ်၊ ဦးမင်းဇော်(၅၁)နှစ်၊ ဒေါ်မြင့်မြင့်သန်း(၃၃)နှစ်၊ ဒေါ်ဝေဝေသင်း(၄၂)နှစ်၊ ဒေါ်နီနီမာ(၄၃)နှစ်၊ မအေးသူဇာဝင်း(၁၉)နှစ်၊ ကိုဇင်ကိုအောင်(၁၆)နှစ်ဆိုသူနှင့် စစ်ကုန်း(၂)ကျေးရွာနေ ကိုမြင့်မြတ်အောင်(၁၇)နှစ် ဆိုသူတို့အား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်သူမင်း(ပါ-၁၀)ဦးအား ရေကင်းနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်းနှင့် တင်မောင်ဆွေဆိုသူအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊



အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွေးသောက်ရပ်ကွက်၊ နှင်းဆီလမ်းနှင့် ဒေါနလမ်းဆုံ၌ သတင်းအရ စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ အဆိုပါရပ်ကွက်နေ ဒေါ်ဝင်းဝင်းထွန်း(၅၁)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၄င်းထံမှ နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းဝင်းထွန်းဆိုသူအား မြိုင်သာယာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရွှေပြည်သာရပ်ကွက်၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဇွန် ၁၀**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရွှေပြည်သာရပ်ကွက်၌ ပိုင်ရှင် ဦး····· ဆိုသူ၏ ပေ(၄၀×၂၀) သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း တစ်ထပ်နေအိမ်တွင် ဇွန် ၃ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်က Air-Con Safeguard အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်ကြီးနားခရိုင်နှင့် မြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ပေ(၄၀×၂၀) သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦး ···ဆိုသူအား မြစ်ကြီးနားနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ချမ်းမြသာစည်မြို့နယ်၌ LED မီးသီးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇွန် ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ရန်-မန်းလမ်းနှင့် ၇၈ လမ်းကြား၊လမ်းသွယ်(၄)၊ ဦးပွားခုံးကျော်အရှေ့ဘက် ဦး····· ဆိုသူ၏ ပေ (၄၀×၃၀) RC နှစ်ထပ်လူနေအိမ် အဆောက်အအုံဘေးတွင် ဖိနပ်များထားရှိသည့် အခန်းအတွင်းရှိ LED မီးသီး အပူလွန်ကဲရာမှ အောက်ခြေရှိ ဖိနပ်များမှတစ်ဆင့် စတင်၍ ည ၁၀ နာရီ ၃၃ မိနစ်တွင် မီးကူးစက်လောင်ကျွမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ level 1 ယာဉ်အုပ်စုနှင့် သန္တေ ၃၀ ဦး၊ အရန် ၇၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ရေဂါလန် ၂၅၀၀၀ ခန့် အသုံးပြုငြိမ်းသတ်ခဲ့ပြီး ၁၀ နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့၍ ၁၁ နာရီ ၁ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့သည်။ လူ၊တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပေ (၄၀×၃၀) RCနှစ်ထပ်၊ NISSAN VA-ETTE ကားခေါင်းပိုင်းနှင့် အခန်းတွင်း ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး အမှတ်(၁၁)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

အလင်းသစ်(ပြန်/ဆက်)

*-*-*-*-*-*-*


❂ စာမျက်နှာ ၂၄ မှ

ထို့အတူ ထန်တလန်ဒေသ ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဓိက ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းဖြစ်သည့် ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါလမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဇွန် ၄ ရက်မှစ၍ ကန့်သတ်ချက်များကြားမှ ခက်ခက်ခဲခဲဖြင့် နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပွိုင့် ၁၉၂၁ တောင်ကုန်းအား ဇွန် ၆ ရက်တွင်လည်းကောင်း၊ ပွိုင့် ၂၀၆၉ တောင်ကုန်းအား ဇွန် ၇ ရက်တွင်လည်းကောင်း၊ တာဝါတိုင်ကုန်းစခန်းအား ဇွန် ၈ ရက်တွင်လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်ခဲ့ပြီး ဇွန် ၉ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွား ပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ ဒေသတွင်း ကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြု သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများက ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ထန်တလန်မြို့မှ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်။



တပ်မတော်စစ်ကြောင်းများက ဟားခါး- ထန်တလန် လမ်းကြောင်းရှိ တာဝါတိုင်စခန်းအား သိမ်းပိုက်ရရှိစဉ်။





တပ်မတော်စစ်ကြောင်းများက ဟားခါး- ထန်တလန် လမ်းကြောင်းရှိ ပွိုင့် ၁၉၂၁ စခန်းအား သိမ်းပိုက်ရရှိစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၀

ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ယနေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ တို့ကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း၊ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၅ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Middle Man" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရပ်ကွက်နေ မျိုးအောင် အား ညနေ ၄ နာရီတွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။



# နိုင်ငံတကာ အားကစား သတင်းများ

## အယ်လ်ဗာရက်ဇ်အတွက် ယူရို သန်း ၁၅၀ ဖြင့် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို အက်သလက်တီကိုအသင်း ပယ်ချ




**လန်ဒန် ဇွန် ၁၀**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်အတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ ယူရို သန်း ၁၅၀ ဖြင့် ကမ်းလှမ်းလာမှုကို ပယ်ချခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အယ်လ်ဗာရက်ဇ်ကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားပြီး ယူရို သန်း ၅၀၀ တန် လျော်ကြေးစာချုပ်လည်း ထည့်သွင်းချုပ်ဆိုထားသည်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ပွဲကစားပြီး ၄၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်လလက်တီကိုမက်ဒရစ်အသင်း၏ ထုတ်ပြန်ချက်တွင် "အယ်လ်ဗာရက်ဇ်အတွက် ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ပါတယ်။ သူ့ကိုလုံးဝ ရောင်းချသွားမှာ မဟုတ်ပါဘူး။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## နည်းပြ အဘာတီကို နည်းပြသစ်အဖြစ် တိုရီနိုအသင်းခန့်အပ်

**တူရင် ဇွန် ၁၀**

စီးရီးအေကလပ် တိုရီနိုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အဘာတီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် တိုရီနိုအသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ အဘာတီသည် နည်းပြဘဝတစ်လျှောက်တွင် ဂျူဗီစတာဘီယာအသင်းကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် တိုရီနိုအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ အဘာတီက "ကျွန်တော် အခုလို တိုရီနိုအသင်းရဲ့ နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## ဂျရူး လိုင်လီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ ဇွန် ၁၀**

လိုင်လီအသင်းသည် အသင်းတိုက်စစ်မှူး ဂျရူးကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ဂျရူးက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)






## အာဂျင်တီးနားအသင်းက အိုက်စလန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၁၀**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် အိုက်စလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက အိုက်စလန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိုက်စလန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၈ မိနစ်တွင် ဘရာကို၊ ပွဲချိန် ၇၂ မိနစ်တွင် မက်ဆီ၊ ပွဲချိန် ၈၇မိနစ်တွင် သီယာဂို အယ်လ်မာဒါတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၇ရက်တွင် အယ်လ်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## အန်တိုနီမာရှယ် မွန်တာရေးအသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်း

**လန်ဒန် ဇွန် ၁၀**

တိုက်စစ်မှူး အန်တိုနီမာရှယ်သည် မွန်တာရေးအသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မွန်တာရေးအသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သော်လည်း လက်ရှိအချိန်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင်မပြေမှုများကြောင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်းသတင်းများက ဖော်ပြခဲ့သည်။



တိုက်စစ်မှူး အန်တိုနီမာရှယ်သည် မွန်တာရေးအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး တစ်ဂိုး သွင်းယူထားသည်။

ထို့ကြောင့် တိုက်စစ်မှူး အန်တိုနီမာရှယ်အနေဖြင့် မွန်တာရေးအသင်းမှ ထွက်ခွာပြီးနောက် မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## တင်ဘာ ပေါင်ခြံဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်

**လန်ဒန် ဇွန် ၁၀**



နယ်သာလန်လက်ရွေးစင်အသင်း နောက်ခံကစားသမား တင်ဘာသည် ပေါင်ခြံဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် မတ်လကတည်းက ပေါင်ခြံဒဏ်ရာရရှိနေပြီး လက်ရှိအချိန်ထိ သက်သာလာခြင်းမရှိသောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။

နောက်ခံကစားသမား တင်ဘာ ဒဏ်ရာနှင့် ရင်ဆိုင်ခဲ့ရမှုကြောင့် နယ်သာလန်လက်ရွေးစင်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တင်ဘာသည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲပေါင်း ၂၃ပွဲကစားပြီး ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)

## ဆီဒီကီချရစ်ဖ်ကို ဖီနာဘာချီအသင်း အပြီးသတ်ခေါ်ယူ




**လန်ဒန် ဇွန် ၁၀**

ဖီနာဘာချီအသင်းသည် အန်းဂါးစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဆီဒီကီချရစ်ဖ်ကို အပြီးသတ် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖီနာဘာချီအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဆီဒီကီချရစ်ဖ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အန်းဂါးစ်အသင်းမှ ဖီနာဘာချီအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲ ၁၄ပွဲတွင် သုံးဂိုးသွင်းယူ၍ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်ရှိ ဆီဒီကီချရစ်ဖ်က "ကျွန်တော် ဖီနာဘာချီအသင်းကို အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ယာပုံ) (NGB)

## ထရစ်ပီယာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဝုဖ်အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၁၀**

ဝုဖ်အသင်းသည် နယူးကာဆယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ဝါရင့်နောက်ခံကစားသမား ထရစ်ပီယာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။ (အောက်ယာပုံ)

နောက်ခံကစားသမား ထရစ်ပီယာသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၆၀ ကစားကာ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝုဖ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။(NGB)



### ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း ယာယာတိုရေးသည် ဆလိုဗန်ဘရာတစ္စလာဗာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။
* ရီးရဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ရွေးကောက်ပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ဖလော်ရင်တီနိုပီရက်ဇ်က အနိုင်ရရှိပြီး ၂၀၃၀ ပြည့်နှစ်အထိ တာဝန်ယူသွားမည်ဖြစ်သည်။ (NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၂-၆-၂၀၂၆ နံနက်၀၁:၃၀နာရီ | A | မက္ကဆီကို - တောင်အာဖရိက |
| ၁၂-၆-၂၀၂၆ နံနက်၀၈:၃၀ နာရီ | A | တောင်ကိုရီးယား - ချက် |

# တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ရတနာပုံတက္ကသိုလ်၊ ဥပဒေပညာဌာနတို့ ပူးပေါင်းကျင်းပသည့် တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် တရားစီရင်ရေးဆိုင်ရာ ဗဟုသုတများ ရရှိရန်နှင့် အများပြည်သူတို့အား ပြန်လည်ဖြန့်ဝေနိုင်စေရန်၊ တရားရုံး၌ စွဲဆိုပြီးဖြစ်သော အမှုများတွင် နည်းလမ်းတကျ စေ့စပ်ဖြေရှင်းနိုင်သည့် စနစ်တစ်ခု ပေါ်ပေါက်လာစေရန်၊ အမှုစစ်တရားသူကြီးများ၏ များပြားသော တရားမမှုများကို ဖြေလျှော့ပေးစေနိုင်မည့် နည်းလမ်းတစ်ရပ် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်တို့ဖြင့် အသိပညာပေး ဆွေးနွေးရှင်းလင်းပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ရှိ ဥပဒေပညာဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မှုဒိတာက "စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်တင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုနန္ဒာစိုးက "Courtled Madiatio" ခေါင်းစဉ်တို့ဖြင့် အသီးသီး ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

(အောက်ပုံ)

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် Website တွင် လွှင့်တင်ထားသော "ချစ်စကို ရှည်စေ" Video Clip ကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်သန်းက စေ့စပ်ဖြေရှင်းရေးစနစ်နှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးသည်။ ထို့နောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးအေးမြင့်နှင့် ကျောင်းသားတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်တင်သန်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုနန္ဒာစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မှုဒိတာနှင့် တရားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာအေးအေးမြင့်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၈၂)







# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဆဌမနေ့) ကျင်းပ

**မန္တလေး ဇွန် ၁၀**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်ကိုးရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် စုစုပေါင်း(၇၅)ဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၁၅)ခုအား သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က "မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကို လွှတ်တော်သို့ တင်သွင်းခြင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီက "မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြား တင်သွင်းခြင်း၊ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကိုကြေညာသည်။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့)ကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

# ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊ မန္တလေးမှ ကြီးမှူးကျင်းပသော ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး သင်တန်းကို ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးအောင်ဇော်မြင့်က ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးသင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး သင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြ သုံးဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၉၈ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ချမ်းမြသာစည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူး ကြီးစိုးမင်း၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူးခင်မာဝင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့စု(မန္တလေး) တပ်ဖွဲ့စုမှူး ရဲမှူးသူဇာလွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

အလင်းသစ်(မြို့နယ်-ပြန်/ဆက်)





# ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကော်မတီအဖွဲ့ ဒုတိယရဲမှူးကြီး အေးမင်းစိုးက ညောင်ဦးခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ တင်ပြလာသည့် လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းစဉ်များအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## အင်္ဂလိပ်စာစွမ်းရည်နှင့် ကွန်ပျူတာကျွမ်းကျင်မှုမွမ်းမံသင်တန်း ဆင်း



**မန္တလေး ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားရေးနှင့် စီမံရေးရာ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရုံးလုပ်ငန်းများ တတ်ကျွမ်းပြည့်ဝစေရန်ရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အင်္ဂလိပ်စာစွမ်းရည်နှင့် ကွန်ပျူတာကျွမ်းကျင်မှု မွမ်းမံသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ၂ ၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းပို့ချပေးသော သင်တန်းဆရာ၊ ဆရာမများကိုယ်စား ကွန်ပျူတာသိပ္ပံပညာဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာမေမြင့်သွယ်နှင့် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအိအိစိုးမင်းတို့အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် အင်္ဂလိပ်စာစွမ်းရည်သင်တန်းတွင် ထူးချွန်ဆုရ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နည်းပြ ဒေါ်ခင်သန့်သန့်ထွန်းနှင့် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ အငယ်တန်းစာရေး၊ ဒေါ်ရွှေရည်ဝင်းထက်တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက ကွန်ပျူတာကျွမ်းကျင်မှု မွမ်းမံသင်တန်းတွင် ထူးချွန်ဆုရ ရှေးဟောင်းသုတေသနပညာဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာအေးမြမြစိမ်းနှင့် ငွေစာရင်းဌာနမှ စာရင်းကိုင်(၃) ဒေါ်ယဉ်မင်းဦးတို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးနှင့် ဒေါက်တာဦးဝင်းနိုင်တို့က အင်္ဂလိပ်စာစွမ်းရည်သင်တန်းမှ သင်တန်းသား ၁၄၀ ဦးနှင့် ကွန်ပျူတာကျွမ်းကျင်မှု မွမ်းမံသင်တန်းမှ သင်တန်းသား ၇၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းကိုယ်စားလှယ်တို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) **(၀၈၂)**

## ရေဘေးအန္တရာယ်အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်းပြီး ရေဘေးအန္တရာယ်အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူက ရေကြီးခြင်းဖြစ်ပေါ်သည့်ကာလ၊ ရေဘေးအန္တရာယ်မဖြစ်ပွားမီ ဘာတွေကြိုတင်ပြင်ဆင်ထားရမလဲ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်သင့်သည့်အချက်များ၊ ရေကြီးနေစဉ် ဆောင်ရွက်သင့်သည့် အချက်များနှင့် ရေကြီးပြီးနောက် ဆောင်ရွက်ရန် အချက်များကို ပြည်သူများ ရေဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် မေးမြန်းဆွေးနွေးရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးဒေါ်သီရိမွန်ကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




## ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**ကျောက်ပန်းတောင်း ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက စံပြရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူနှင့် ဆရာမများထံ နှစ်ရှည်အရိပ်ရပျိုးပင်များပေးအပ်ပြီး သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း သတ်မှတ်နေရာအသီးသီး၌ ကျွန်းပျိုးပင် ၂၀၊ တမာ ၁၅ ပင်၊ မယ်ဇလီ ၁၂ ပင်၊ စိန်ပန်းပင် ၃၀၊ မယ်ဇယ် ၁၅ ပင်၊ ထိုင်ဝမ်ဗာဒံ ၁၀ ပင်နှင့် ပိတောက် သုံးပင်၊ စုစုပေါင်း ပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၅၆)**





## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် ဇွန် ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ကဆန်ခူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

အဆိုပါ ကဆန်ခူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၇ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၈ သန်း အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) အောင်ရဲကျော်**

## မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲ ၂၀၂၆ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအသင်း (UMBEEA) မှ ကြီးမှူးကျင်းပမည့် Myanmar–China Trade & Investment Expo ၂၀၂၆ ကို ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ Yangon Convention Center (YCC) တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသည် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်နှင့် ဒေသတွင်း၊ နိုင်ငံတကာ ဈေးကွက်များသို့ MSMEs လုပ်ငန်းများ ချိတ်ဆက်ဝင်ရောက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ပြပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၊ ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အလှကုန်၊ ဖက်ရှင်နှင့် လက်မှုပစ္စည်းထုတ်လုပ်သူများအပြင် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ပြသနိုင်မည် ဖြစ်သည်။

ထို့ပြင် ပြပွဲတွင် ပါဝင်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပြည်တွင်းပြည်ပဈေးကွက်သို့ မိတ်ဆက်နိုင်မည့်အပြင် ဖောက်သည်အသစ်များ ရှာဖွေနိုင်ခြင်း၊ စီးပွားရေးမိတ်ဖက်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ ကိုယ်စားလှယ်နှင့် ဖြန့်ချိရေးကွန်ရက်များ တိုးချဲ့နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှာဖွေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

UMBEEA အနေဖြင့် မြန်မာ MSMEs လုပ်ငန်းများအတွက် အထူးအားပေးနှုန်းဖြင့် Booth များ ငှားရမ်းပေးသွားမည်ဖြစ်ပြီး Booth အရေအတွက် ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အမြန်ဆုံး စာရင်းပေးသွင်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း ၀၉-၄၄၄၈၉၀၈၀၀ နှင့် ၀၉-၉၆၀၇၅၇၅၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇွန် ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၌ ရက် (၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ဇွန် ၉ ရက် နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ ၄၇ဦးအား ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာလွင်နှင့် ဆရာ၊ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀-၀



# သွေးတိုးရောဂါ (တိတ်တဆိတ် အန္တရာယ်ပေးနိုင်တဲ့ Silent Killer)

(၁၀-၆-၂၀၂၆)စာမျက်နှာ-၁၄မှအဆက်

CDC ကလည်း သွေးတိုးသည် ဦးနှောက်သွေးကြောပိတ်ခြင်း (သို့မဟုတ်)ပေါက်ခြင်းဖြင့် Sroket(လေဖြတ်ရောဂါ)ဖြစ်စေနိုင်ပြီး စကားပြောခြင်း၊လှုပ်ရှားမှုနှင့် အခြားအခြေခံလုပ်ဆောင်မှုများကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားပါတယ်။ ထို့ပြင် လူလတ်ပိုင်းတွင် သွေးတိုးရှိခြင်းသည် နောင်တွင် Cognitive Decline (မှတ်ဉာဏ်စွမ်းရည်ကျဆင်းခြင်း)နှင့် Dementia (မှတ်ဉာဏ်ချို့ယွင်းရောဂါ) ဆက်စပ်နိုင်ကြောင်းလည်း ဖော်ပြထားပါတယ်။

**သွေးတိုးက ကျောက်ကပ်ကို ဘယ်လိုထိခိုက်စေလဲ**

ကျောက်ကပ်ဟာ သွေးကို စစ်ထုတ်ပြီး ခန္ဓာကိုယ်ထဲက အညစ်အကြေး၊ ရေ၊ ဓာတ်ဆားအချိုးအစားကို ထိန်းပေးတဲ့ အရေးကြီးသော အင်္ဂါဖြစ်ပါတယ်။ ကျောက်ကပ်ထဲမှာ သွေးကြောသေးသေးလေးတွေ အများကြီးရှိပါတယ်။ သွေးပေါင်မြင့်နေတဲ့အခါ ဒီသွေးကြော သေးသေးလေးတွေ ထိခိုက်နိုင်ပါတယ်။ အချိန်ကြာလာရင် ကျောက်ကပ်လုပ်ဆောင်ချက် လျော့နည်းလာနိုင်ပြီး Chronic Kidney Disease ဖြစ်နိုင်ပါတယ်။ အခြားဘက်မှာလည်း ကျောက်ကပ်ရောဂါရှိသူတွေမှာ သွေးပေါင်ပိုတက်လွယ်ပါတယ်။ ဒါကြောင့် သွေးတိုးနဲ့ ကျောက်ကပ်ရောဂါဟာ အချင်းချင်း ဆက်စပ်နေပါတယ်။ ဆီးချိုရောဂါရှိသူတွေမှာတော့ သွေးတိုးပါတွဲလာရင် ကျောက်ကပ် ထိခိုက်နိုင်ခြေ ပိုများပါတယ်။

**သွေးတိုးက မျက်စိကိုပါ ထိခိုက်စေနိုင်ပါတယ်**

သွေးတိုးဟာ မျက်စိသွေးကြောတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ မျက်စိနောက်ဘက် Retina ထဲမှာ သွေးကြောသေးသေးလေးတွေရှိပြီး သွေးပေါင်မြင့်နေရင် ဒီသွေးကြောတွေ ပျက်စီးနိုင်ပါတယ်။ အချိန်ကြာလာရင် မျက်စိမှုန်ခြင်း၊ မြင်ကွင်းပြောင်းခြင်း၊ အမြင်အာရုံထိခိုက်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ သွေးတိုးရှိသူတွေအနေနဲ့ သွေးပေါင်ထိန်းချုပ်ခြင်းသာမက ဆီးချိုရှိပါက မျက်စိစစ်ဆေးခြင်းကိုလည်း မမေ့ဆသင့်ပါ။

**သွေးတိုးကာကွယ်ရန် နေ့စဉ်ပြောင်းလဲနိုင်သော အလေ့အကျင့်များ**

သွေးတိုးရောဂါကို ကာကွယ်ဖို့၊ ရှိပြီးသား သွေးတိုးကို ထိန်းဖို့ ဆေးတစ်ခုတည်းနဲ့ မလုံလောက်ပါ။ နေ့စဉ်နေထိုင်မှုပုံစံက အလွန်အရေးကြီးပါတယ်။

**၁။ ဆားလျှော့စားပါ**

မြန်မာအစားအသောက်တွေထဲမှာ ငါးပိ၊ ငန်ပြာရည်၊ပဲငန်ပြာရည်၊ မုန့်ဟင်းခါးအရည်၊ အသင့်စားမုန့်များ၊ ချဉ်ဖတ်၊ အချဉ်ဖောက် အစားအစာ၊ ကြော်လှော်အစားအစာတွေမှာ ဆားဓာတ်များတတ်ပါတယ်။ ဆားများလွန်းတာက ခန္ဓာကိုယ်ထဲ ရေကို ပိုသိုလှောင်စေပြီး သွေးကြောထဲ ဖိအားတိုးစေနိုင်ပါတယ်။ သွေးတိုးရှိသူတွေအတွက် ဆားလျှော့စားခြင်းဟာ အရေးကြီးဆုံး Lifestyle Change တွေထဲက တစ်ခုပါ။ ဟင်းချက်တဲ့အခါ ဆား၊ ငန်ပြာရည်၊ အချိုမှုန့်၊ Seasoning Powder လျှော့ပါ။ထမင်းစားချိန်မှာ ထပ်ပြီး ငန်ပြာရည်စမ်းစားတာ လျှော့ပါ။ အရသာကို ဆားနဲ့တင်မဟုတ်ဘဲ ကြက်သွန်ဖြူ၊ ချင်း၊ သံပရာ၊ နံနံပင်၊ ငရုတ်ကောင်း စတာတွေနဲ့ ပြောင်းလဲနိုင်ပါတယ်။

**၂။ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်လုပ်ပါ**

ကိုယ်လက်လှုပ်ရှားမှုနည်းတာက သွေးတိုး၊ ဆီးချို၊ ကိုယ်အလေးချိန်တက်ခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ နေ့စဉ်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ အိမ်တွင်းလေ့ကျင့်ခန်းလုပ်ခြင်းတို့က သွေးပေါင်ထိန်းရာမှာ အထောက်အကူပြုပါတယ်။ အားကစားခန်းမသွားမှ လေ့ကျင့်ခန်းဖြစ်တာ မဟုတ်ပါ။ ဓာတ်လှေကားအစား လှေကားသုံးခြင်း၊ အနီးအနားကို လမ်းလျှောက်သွားခြင်း၊ အိမ်အလုပ်လုပ်ခြင်း၊ မနက်၊ ည မိနစ်(၃၀)ခန့် လမ်းလျှောက်ခြင်းတို့ကအစ ကောင်းပါတယ်။

**၃။ ကိုယ်အလေးချိန်ကို သင့်တော်အောင်ထိန်းပါ**

ကိုယ်အလေးချိန်များလာရင် နှလုံးက သွေးပိုပို့ရပြီး သွေးပေါင်တက်နိုင်ပါတယ်။ အထူးသဖြင့် ဗိုက်အဆီများခြင်းက Metabolic Syndrome (ဇီဝဖြစ်စဉ်မညီမျှမှု စုစည်းရောဂါအခြေအနေ)၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့နဲ့ ဆက်စပ်နိုင်ပါတယ်။ အလွန်အကျွံ အစာဖြတ်ခြင်းမလိုပါ။ ထမင်းပမာဏကို သင့်တော်အောင်စားခြင်း၊ ချိုလွန်းသောအစားအစာ၊ အဆီများသောအစားအစာ၊ ညဘက်အစာများများ စားခြင်းကို လျှော့ခြင်း၊ ပုံမှန်လှုပ်ရှားခြင်းတို့က အရေးကြီးပါတယ်။

**၄။ ဆေးလိပ်ရှောင်ပါ**

ဆေးလိပ်သောက်ခြင်းက သွေးကြောနံရံတွေကို ထိခိုက်စေပြီး နှလုံးသွေးကြောရောဂါ၊လေဖြတ်ခြင်း၊ Peripheral Artery Disease (လက်ခြေသွေးကြောကျဉ်းရောဂါ)စတဲ့ အန္တရာယ်တွေ တိုးစေနိုင်ပါတယ်။ သွေးတိုးရှိသူမှာ ဆေးလိပ်ပါ သောက်ရင် နှလုံးနှင့်ဦးနှောက်သွေးကြော အန္တရာယ် ပိုတိုးနိုင်ပါတယ်။

**၅။ အရက်ကို ရှောင်ပါ (သို့မဟုတ်)လျှော့ပါ**

အရက်သည် သွေးပေါင်ထိန်းချုပ်မှုကို ခက်ခဲစေနိုင်ပါတယ်။ အရက်သောက်ပြီးနောက် အိပ်ရေးမကောင်းခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ဆေးသောက်မမှန်ခြင်းတို့လည်း ဖြစ်နိုင်ပါတယ်။ သွေးတိုးရှိသူများအတွက် အရက်ကို ရှောင်ခြင်း (သို့မဟုတ်) ဆရာဝန်ညွှန်ကြားချက်အတိုင်းသာ သောက်ခြင်းက ပိုလုံခြုံပါတယ်။

**၆။ အိပ်ရေးဝအောင် အိပ်ပါ**

အိပ်ရေးမဝခြင်း၊ ညနက်မှအိပ်ခြင်း၊ အိပ်ပျော်စဉ် အသက်ရှူရပ်တတ်ခြင်း၊ ဟောက်သံပြင်းခြင်းတို့က သွေးပေါင်ကို ထိခိုက်စေနိုင်ပါတယ်။ မနက်နိုးလာရင် မလန်းဆန်းခြင်း၊ နေ့ခင်း အိပ်ငိုက်ခြင်း၊ ညဘက် ဟောက်ပြင်းခြင်းရှိသူတွေမှာ Sleep Apnea (အိပ်နေစဉ် အသက်ရှူခဏရပ်တတ်သောရောဂါ)၊ရှိနိုင်ပြီး သွေးတိုးနဲ့ ဆက်စပ်နိုင်ပါတယ်။ အိပ်ချိန်ပုံမှန်ထားပါ။ အိပ်ခါနီး ဖုန်း/TV အသုံးပြုခြင်းလျှော့ပါ။ ညဘက် ကော်ဖီ၊ လက်ဖက်ရည်ပြင်းပြင်းကို ရှောင်ပါ။

**၇။ စိတ်ဖိစီးမှုကို စီမံပါ**

စိတ်ဖိစီးမှုက သွေးပေါင်ကို တက်စေနိုင်ပါတယ်။ အိပ်ရေးပျက်ခြင်း၊ အစားအသောက် မမှန်ခြင်း၊ ဆေးလိပ်၊အရက်သုံးခြင်း၊လှုပ်ရှားမှုနည်းခြင်းတို့နဲ့ ပေါင်းသွားရင် သွေးပေါင် ထိန်းရခက်စေပါတယ်။အသက်ရှူလေ့ကျင့်ခန်း၊ လမ်းလျှောက်ခြင်း၊ တရားထိုင်ခြင်း၊မိသားစုနဲ့ စကားပြောခြင်း၊ အလုပ်ကို အချိန်ခွဲစီမံခြင်းတို့က စိတ်ဖိစီးမှုလျှော့ချရာမှာ အထောက်အကူ ဖြစ်နိုင်ပါတယ်။

**သွေးတိုးကျဆေးသောက်နေသူများအတွက် အရေးကြီးသော သတိပေးချက်**

သွေးတိုးကျဆေးကို ဆရာဝန် ညွှန်ကြားသလို ပုံမှန်သောက်ရပါမယ်။ သွေးပေါင်ကျသွားလို့ ဆေးကို ကိုယ့်သဘောနဲ့ ရပ်လိုက်တာမျိုး မလုပ်သင့်ပါ။ သွေးပေါင်က ဆေးကြောင့် ထိန်းထားနိုင်တာဖြစ်နိုင်ပြီး ဆေးရပ်လိုက်ရင် ပြန်တက်နိုင်ပါတယ်။ တစ်ခါတစ်ရံ ရုတ်တရက် တက်ပြီး လေဖြတ်ခြင်း၊ နှလုံးပြဿနာများ ဖြစ်နိုင်ခြေ တိုးနိုင်ပါတယ်။

ဆေးသောက်ပြီး မူးခြင်း၊ အားနည်းခြင်း၊ ခြေထောက်ဖောခြင်း၊ ချောင်းဆိုးခြင်း၊ နှလုံးခုန်နှေးလွန်းခြင်းစတဲ့ ဘေးထွက်ဆိုးကျိုးရှိရင် ဆေးကို ကိုယ့်သဘောနဲ့ မရပ်ဘဲ ဆရာဝန်နဲ့ ပြန်တိုင်ပင်ပါ။ ဆရာဝန်က ဆေးအမျိုးအစား၊ dose, သောက်ချိန် စတာတွေကို ပြန်ညှိပေးနိုင်ပါတယ်။

**ဘယ်အချိန်မှာ ဆရာဝန်ပြသင့်လဲ**

အိမ်မှာတိုင်းတဲ့ BP က 140/90 mmHg နှင့်အထက် ထပ်ခါထပ်ခါဖြစ်နေရင် ဆရာဝန်နှင့် တိုင်ပင်သင့်ပါတယ်။ 130/80 mmHg နှင့်အထက်ဖြစ်ပြီး ဆီးချို၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ဖူးခြင်းရှိသူတွေမှာ ပိုမိုဂရုစိုက်သင့်ပါတယ်။ 180/120 mmHg နှင့်အထက် ဖြစ်ပါက တစ်မိနစ်ခန့်နားပြီး ပြန်တိုင်းပါ။ ဆက်မြင့်နေရင် ဆရာဝန် (သို့မဟုတ်) အရေးပေါ်ဆေးကုသမှုနှင့် တိုင်ပင်သင့်ပါတယ်။ AHA က 180/120 mmHg ထက်မြင့်ပြီး ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူခက်ခြင်း၊ နောက်ကျောနာခြင်း၊ လက်ခြေထုံ၊ အားနည်းခြင်း၊မြင်ကွင်းပြောင်းခြင်း၊ စကားပြောခက်ခြင်းတို့ရှိပါက အရေးပေါ် အခြေအနေအဖြစ် ချက်ချင်းအကူအညီယူရန် ဖော်ပြထားပါတယ်။

**လေဖြတ်လက္ခဏာကို မိသားစုတိုင်း သိထားပါ**

သွေးတိုးရောဂါရှိသူတွင် လေဖြတ်အန္တရာယ်ရှိနိုင်တဲ့အတွက် မိသားစုတိုင်း အခြေခံလက္ခဏာတွေ သိထားသင့်ပါတယ်။ မျက်နှာတစ်ဖက်ရွဲ့ခြင်း၊ လက် (သို့မဟုတ်) ခြေတစ်ဖက် အားနည်းခြင်း၊ စကားပြောမရှင်းခြင်း၊ ရုတ်တရက် မျက်စိမှုန်ခြင်း၊ ရုတ်တရက် ခေါင်းအလွန်ကိုက်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊မူးသေသတိလစ်ခြင်း လက္ခဏာတွေရှိရင် အရေးပေါ်ကုသမှု အမြန်ဆုံးရဖို့ လိုပါတယ်။

**မိသားစုအတွက် သွေးတိုးကာကွယ်ရေးအစီအစဉ်**

သွေးတိုးကို မိသားစုကျန်းမာရေး ပြဿနာအဖြစ် မြင်သင့်ပါတယ်။ အိမ်မှာ သွေးပေါင်တိုင်းစက် တစ်လုံးရှိပါက မိဘ၊ ဘိုးဘွား၊ သက်ကြီးရွယ်အိုများကို ပုံမှန်တိုင်းပေးပါ။ အသက် ၃၀ ကျော်သူတွေ၊ ကိုယ်အလေးချိန် များသူတွေ၊ မိသားစုရာဇဝင်ရှိသူတွေကိုလည်း ပုံမှန်စစ်ပါ။ မိသားစုတစ်စုလုံး ဆားလျှော့စားမယ်၊ လမ်းလျှောက်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ အိပ်ချိန် ပုံမှန်ထားမယ်ဆိုရင် သွေးတိုးကာကွယ်ရေးက ပိုအောင်မြင်ပါတယ်။

**အရေးကြီးအချက်(၇)ချက်**

၁။ ခေါင်းမကိုက်လည်း သွေးတိုးရှိနိုင်ပါတယ်။ သွေးတိုး ရှိ၊ မရှိကို ခံစားချက်နဲ့ မခန့်မှန်းပါနဲ့။

၂။ သွေးပေါင်ကို တိုင်းတာမှ သိနိုင်ပါတယ်။ ပုံမှန်စစ်ဆေးခြင်းက အရေးကြီးပါတယ်။

၃။ 140/90 mmHg နှင့်အထက် ထပ်ခါထပ်ခါဖြစ်ရင် ဆရာဝန်နှင့် တိုင်ပင်ပါ။

၄။ 180/120 mmHg နှင့်အထက်ဖြစ်ပြီး လက္ခဏာရှိရင် အရေးပေါ်အခြေအနေ ဖြစ်နိုင်ပါတယ်။

၅။ ဆားလျှော့စားခြင်းက သွေးတိုးရောဂါ ကာကွယ်ရေးအတွက် အရေးကြီးပါတယ်။

၆။ သွေးတိုးကျဆေးကို ကိုယ့်သဘောနဲ့ မရပ်ပါနဲ့။

၇။ သွေးတိုးကို ထိန်းနိုင်ရင် နှလုံး၊ဦးနှောက်၊ ကျောက်ကပ်၊ မျက်စိကို ကာကွယ်နိုင်ပါတယ်။

**အကြံပြုချက်**

သွေးတိုးရောဂါဟာ တိတ်တဆိတ် အန္တရာယ်ပေးနိုင်တဲ့ ရောဂါပါ။ ခေါင်းမကိုက်လို့ မရှိဘူးလို့ မထင်ပါနဲ့။ မူးမနေဘူးလို့ မပေ့ါဆပါနဲ့။ သွေးတိုး ရှိ၊ မရှိကို သိဖို့ တစ်ခုတည်းသော နည်းလမ်းက သွေးပေါင်တိုင်းခြင်းဖြစ်ပါတယ်။ မိသားစုတိုင်းမှာ သွေးပေါင်တိုင်းစက်တစ်လုံးရှိခြင်း၊ မိဘဘိုးဘွားများကို ပုံမှန်တိုင်းပေးခြင်း၊ ကိုယ်တိုင်လည်း မှတ်တမ်းထားခြင်း၊ ဆားလျှော့စားခြင်း၊လှုပ်ရှားမှုများများလုပ်ခြင်း၊ အိပ်ရေးဝအောင် အိပ်ခြင်း၊ ဆေးလိပ်ရှောင်ခြင်း၊ ဆေးသောက်နေသူများ ဆေးကိုပုံမှန်သောက်ခြင်းတို့က အသက်ကယ်နိုင်သော အလေ့အကျင့်များ ဖြစ်ပါတယ်။

**သွေးပေါင်ကို သိခြင်းသည် သင့်နှလုံး၊ ဦးနှောက်၊ ကျောက်ကပ်နှင့် သင့်ဘဝကို ကာကွယ်ခြင်း ဖြစ်ပါတယ်။**

> မိသားစုတိုင်းမှာ သွေးပေါင်တိုင်းစက်တစ်လုံးရှိခြင်း၊ မိဘဘိုးဘွားများကို ပုံမှန်တိုင်းပေးခြင်း၊ ကိုယ်တိုင်လည်း မှတ်တမ်းထားခြင်း၊ ဆားလျှော့စားခြင်း၊ လှုပ်ရှားမှု များများလုပ်ခြင်း၊ အိပ်ရေးဝအောင် အိပ်ခြင်း၊ ဆေးလိပ်ရှောင်ခြင်း၊ ဆေးသောက်နေသူများ ဆေးကိုပုံမှန်သောက်ခြင်းတို့က အသက်ကယ်နိုင်သော အလေ့အကျင့်များ ဖြစ်ပါတယ်။

**References**

1. World Health Organization (WHO). Hypertension. WHO Fact Sheet. Updated 25 September 2025.
2. World Health Organization (WHO). Hypertension — Health Topics.
3. American Heart Association (AHA). Understanding Blood Pressure Readings.
4. Centers for Disease Control and Prevention (CDC). About High Blood Pressure.
5. World Health Organization (WHO). World Hypertension Day 2026. 17 May 2026.

မန္တလာ ဆရာမျိုး

## စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - တမ္ဗပဏ္ဏိ |
| စာရေးသူ | - ပါရဂူ |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၃၅၀၀ ကျပ် |
| စာမျက်နှာ | - ၃၃၀ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဌန်လ (ဒုတိယအကြိမ်) |




၁၉၉၉ ခုနှစ် ရာပြည့် စာအုပ်တိုက်၏ ပထမအကြိမ် မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေသည်။ ဆရာပါရဂူသည် ဗုဒ္ဓသာသနာပြု အသောက မင်းကြီး၏ ဘဝအကြောင်း ရသဝတ္ထုကို "ပီယဒဿီ" အမည်ဖြင့်လည်းကောင်း၊ လူသားသမိုင်းအကြောင်းကို "ဖော်လဂါမှ ဂင်္ဂါသို့"ဟူ၍ လည်းကောင်း ဟိန္ဒီဘာသာစကားမှ နေ၍ မြန်မာဘာသာ ပြန်ဆိုခဲ့သည်။ ထို့ပြင် အိန္ဒိယနှင့် ကမ္ဘာတစ်ဝန်း အတွေးအခေါ်ပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်တို့၏ ဘဝအတ္ထုပ္ပတ္တိကို တိုက်ရိုက်သော်လည်းကောင်း၊ မှီငြမ်း၍သော်လည်းကောင်း အများအပြား ရေးသားပြုစုခဲ့သည်။ ယခု "တမ္ဗပဏ္ဏိ" စာအုပ်မှာလည်း ထိုသို့သော စာအုပ်မျိုးဖြစ်ပေရာ စာဖတ်သူများ နှစ်သက်စွဲလမ်းစေမည့် စာအုပ်ဖြစ်သည်။

စာအုပ်အမည် "တမ္ဗပဏ္ဏိ" မှာ သီရိလင်္ကာနိုင်ငံ၏ ရှေးဟောင်းအမည်နာမတစ်ခုကို ယူလျက် မှည့်ထားခြင်းဖြစ်ပြီး သမိုင်းကြောင်းကို ရိုးရိုးစင်းစင်း မရေးဘဲ ရသဖြင့် ထုံမွမ်းရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - လောကပတ်ဝန်းကျင်ကို အနိုင်ယူနည်း |
| စာရေးသူ | - လှသမိန် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၇၅၀၀ ကျပ် |
| စာမျက်နှာ | - ၁၆၉ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဌန်လ (တတိယအကြိမ်) |




၁၉၆၉ ခုနှစ်တွင် မာဃ စာပေမှ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ရွှေငွေဖြိုးစာပေမှ ဒုတိယအကြိမ် အဖြစ်လည်းကောင်း ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဆရာလှသမိန်၏ စာပေလက်ရာတစ်ခုဖြစ်ပြီး ရှားပါးသော လူမှုပညာပေးစာအုပ်ဖြစ်သည်။ ဆရာလှသမိန်သည် သုတနှင့်ရသ စာပေ နှစ်မျိုးစလုံး ရေးသားသူဖြစ်သော်လည်း လူမှုပြုပြင်ရေး၊ စိတ်ဓာတ်တည်ကြည်ရေးနှင့် ဘဝတိုးတက်အောင်မြင်ရေးစာများ ရေးရာတွင် ပိုမိုထက်သန်ကာ စာဖတ်သူများ အကြိုက်တွေ့သည့် စာအုပ်များလည်း ဖြစ်သည်။

ယခုစာအုပ်သည်လည်း အနှစ်သာရပြည့်ဝပြီး စာအုပ်တွင် ကဲ့ရဲ့မှုကို မှန်ကန်စွာ တုံ့ပြန်ပါ၊ သည်းခံခြင်းကို ချိန်ဆ၍ သုံးရမည်၊ ဝိုင်း၍ နှိမ်သူများကို ဖယ်ရှား၍ တက်ပါ၊ အိမ်ထောင်ဖက်နှင့် ဆက်ဆံမှု မျှတစေ၊ လူ့ပြဿနာများကို ရဲရင့်စွာ ရင်ဆိုင်ပါ၊ တေးမှတ်ခြင်းနှင့် လျှော့ဖျက်ခြင်း၊ စာဖတ်နိုင်သလောက်ဖတ်ပါ၊ မိမိစေတနာ ပေါ်လွင်ပါစေ အစရှိသည့် ခေါင်းစဉ်ငယ်များဖြင့် အခန်း(၃၀)ကျော်ခွဲကာ ဖတ်ရှုရမည်ဖြစ်သည်။ ထူးခြားချက်မှာ ဆရာလှသမိန်သည် ဤစာအုပ်ရေးရာတွင် အခြားစာအုပ်များကဲ့သို့ ကျမ်းညွှန်းကျမ်းကိုးများ မပါဘဲ ကိုယ်ပိုင်အသိဖြင့် ချဉ်းကပ်ရေးသားထားပြီး လူငယ်များ မဖြစ်မနေ ဖတ်ရှုသင့်သည့် စာအုပ်ကောင်းဖြစ်ရာ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

**ဗဟုသုတ ဖြန့်ဖြူးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။**

## ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့လေး

## ဘာဝနာလေးချက် နေ့စဉ်ဖက်ပါ

* ချင်းချင်းမေတ္တာ ကရုဏာဖြင့်
သူ့မှာ အေးချမ်း ကိုယ်စိတ်လန်းစေ
ဆုတောင်းဝေသည် ပို့လေမေတ္တာ-ဘာဝနာ ။

* ဘုန်းတော်၊ ကံတော်
ဉာဏ်တော်ပြည့်လျှမ်း
တန်ခိုးတော်မှန်း၍
စိတ်ဝမ်းထဲမှာ ရင်၌ပါ၍
ထုံကာပွားများ ဂုဏ်တော်အားတည်
ထိုကား ဗုဒ္ဓ-နုဿတိ, အရာ ။

* ထက်၊ အောက်လူများ ရွယ်မခြားဘဲ
ငါလည်း မနား သေရွာသွားနိုင်
ချက်မပိုင်ကို မယိုင်ပွားများ
ဤကားဘာဝနာ မရဏာနုဿတိ-ဘာဝနာ ။

* သူ, ငါ အတ္တ မဟုတ်ကြပါ
အနတ္တသာ ရှိသည်ရာမို့
မကွာကောင်ပုပ် အသုဘရုပ်ကို
သိမ်းထုပ်သေချာ ပွားများရာသည်
ထိုကား ဘာဝနာ အသုဘ-ပါ ။ ။

ရေချမ်း-မန်း

## အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၁၀**

စစ်ကိုင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းက ရွာထောင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လွင်မာအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအား စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီထံ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးဖြင့် တစ်လခွဲကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

*-*-*-*-*

## တတ်အားစဉ်ဆက်မပြတ် ရရှိစေရေးအတွက် ဖြန့်ဖြူးရေးထရန်စဖော်မာ ခုနစ်လုံး တပ်ဆင်

**မန္တလေး ဇွန် ၁၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် လျှပ်စစ်မီးအား ပြည့်ဝစွာ ရရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ယူနစ်ပျောက်ဆုံးမှု ကျဆင်းစေရေးနှင့် ဓာတ်အား စဉ်ဆက်မပြတ် ရရှိစေရေးတို့အတွက် ဖြန့်ဖြူးရေးထရန်စဖော်မာ ခုနစ်လုံး တပ်ဆင်ရာတွင် ၆၇(ဘီ)လမ်း၊ ၁၂၀ လမ်းတွင် ၁၁/၀.၄ ကေဗွီ(၅၀၀) ကေဗွီအေထရန်စဖော်မာတစ်လုံးကိုလည်းကောင်း၊ ၇၃လမ်းနှင့် မင်္ဂလာလမ်းတွင် ၁၁/၀.၄ ကေဗွီ (၅၀၀) ကေဗွီအေထရန်စဖော်မာ တစ်လုံးကိုလည်းကောင်း၊ ၇၄ (အေ)လမ်းနှင့် ၁၁၅လမ်းတွင် ၁၁/၀.၄ ကေဗွီ (၃၁၅) ကေဗွီထရန်စဖော်မာ တစ်လုံးကိုလည်းကောင်း၊ ၅၈လမ်းနှင့် ၁၁၉လမ်းတွင် ၁၁/၀.၄ ကေဗွီ(၃၁၅) ကေဗွီအေထရန် စဖော်မာတစ်လုံးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းနှင့် တံခွန်တိုင်ဈေးတန်းတွင် ၁၁/၀.၄ကေဗွီ (၃၁၅) ကေဗွီအေထရန်စဖော်မာတစ်လုံးကိုလည်းကောင်း၊ ၆၁ လမ်းနှင့် ၁၃၃လမ်းတွင် ၁၁/၀.၄ ကေဗွီ (၃၁၅) ကေဗွီထရန်စဖော်မာတစ်လုံးကိုလည်းကောင်း၊ ၅၃လမ်း နှင့် ၁၂၇လမ်းတွင် ၁၁/၀.၄ ကေဗွီ (၃၁၅)ကေဗွီ ထရန်စဖော်မာ တစ်လုံးကိုလည်းကောင်း တပ်ဆင်ခဲ့သည်။

ထိုသို့တပ်ဆင်ရာတွင် ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝေလင်းသန့် ဦးဆောင်၍ ကျွမ်းကျင်လျှပ်စစ်လုပ်သားများဖြင့် တပ်ဆင်ခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်(ခရိုင် ပြန်/ဆက်)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးတင်စိုး(ဘ)ဦးဘသော်(၉/ပသက(နိုင်)၀၆၀၈၆၀)နှင့် ဦးစိုးသိန်း(ဘ)ဦးဌေး(၉/ပကခ(နိုင်)၀၁၂၅၇၉) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့်၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၁-ခ/၅+၁၅၉/၁-ဠ)၊ မြေဧရိယာ(၀ ဒသမ ၀၆+၀ ဒသမ ၀၆)ဧက အကျယ်အဝန်းရှိ မန်နေဂျာမေအောင်တာပရိုက်(စ်) အမည်ပေါက်ရှိသော ဂရန်မြေကွက်အတွင်းမှ (ပေ၂၀×၆၅ပေ)အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်နှင်းဝေ(ဘ)ဦးစံညို(၅/ဒပယ(နိုင်)၁၃၆၇၃၂)နှင့် ဒေါ်မာသင်း(ဘ)ဦးစံညို(၅/ဒပယ(နိုင်)၁၁၂၅၇၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကျော်စိုးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ညိုစင်ထွန်း (LL.B)** — **ဒေါ်လွင်သက်ထား (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၆၂၉၉၁၄၅၊ ၀၉-၉၇၄၈၂၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (က)ရပ်ကွက်၊ အိမ်အမှတ်(၁၀၁/ခ)နေ ဦးထွန်းမင်းစိုး(ဘ)ဦးဟန်တင်(၉/ခမစ(နိုင်)၀၆၇၀၀၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ လိပ်စာနေ ဦးမင်းထွန်းစိုး၏ မိဘများဖြစ်ကြသော ဦးဟန်တင်+ဒေါ်ခင်လှိုင်တို့တွင် (သမီး)ဖြစ်သူ ဒေါ်မြမြစိုး၊ (သား)ဦးထွန်းမင်းစိုး၊ (သမီး)ဒေါ်ဥမ္မာစိုး၊ (သမီး)ဒေါ်သီသီအောင်တို့ (၄)ဦး မွေးဖွားခဲ့ပါသည်။ ဦးဟန်တင်နှင့် ဒေါ်ခင်လှိုင်တို့တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (မမ-၂/၂၄)တွင်ရှိသော ပေ(၂၀×၆၀) အကျယ်အဝန်းပေါ်ရှိ အဆောက်အအုံနှင့် (မမ-၂/၆၈)မြေကွက်ပေါ်တွင် ပေ(၂၀×၆၀) အဆောက်အအုံတို့ကို ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယနေ့အချိန်ခါတွင် ဖခင်ဖြစ်သူ ဦးဟန်တင်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်သော်လည်း အထက်ပါ အမွေဆိုင်ပစ္စည်းရပ်များနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာမျှ အမွေဆိုင်များကို အမွေခွဲဝေထားခြင်း မရှိသေးပါ။

သို့ပါ၍ အထက်ပါပစ္စည်းရပ်များနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများကို ကျွန်ုပ်မိတ်ဆွေ ဦးထွန်းမင်းစိုး မသိရှိဘဲ မပြုလုပ်ကြရန် ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးထွန်းမင်းစိုး**
**(၉/ခမစ(နိုင်)၀၆၇၀၀၂)**

**လွှဲအပ်ချက်အရ–**
**ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၂၀၃၄၂)**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၂၈၀၇၇၅၈၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်အမှတ်(၆၆)နေ ဒေါ်သင်းနုစိုး(ဘ)ဦးစိုးမြင့်(၈/ပခက(နိုင်)၂၆၁၁၅၀) ကိုင်ဆောင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုးသည် Bag Box Packaging Design Mandalay အမည်ဖြင့် ပီနံအိတ်နှင့်ဂျပ်ဖာ ရောင်းဝယ်ရေးလုပ်ငန်းအား တစ်ဦးတည်းပိုင်ဖြင့် တရားဝင် လက်ရှိလက်ရောက် လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုး အသုံးပြုနေသည့် Facebook, Tiktok, Viber, Telegram, We Chat အစရှိသည့် Social Media တို့တွင် Bag Box Packaging Design Mandalay အမည်အား အသုံးပြု၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုး အသုံးပြုသော Tiktok အကောင့်မှာ အမည်မသိသူတစ်ဦးမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုး၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ခိုးယူပြီး ပို့စ်များတင်ကာ အသုံးပြုနေကြောင်း တွေ့ရှိရပါသဖြင့် Tiktok Chat Box မှတဆင့် လုပ်ငန်းလက်ခံခြင်း၊ ငွေကြေးတောင်းခံခြင်းများ ပြုလုပ်ဆောင်ရွက်လာပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုးမှ ပြုလုပ်ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ ထိခိုက်နစ်နာမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဒေါ်သင်းနုစိုးနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းနုစိုးမှ အသုံးပြုနေသည့် ဖုန်းနံပါတ်များမှာလည်း 09-777904787, 09-761232434, 09-264125509 တို့ကိုသာ အသုံးပြုပါသည်။ ဒေါ်သင်းနုစိုး လုပ်ငန်းအသုံးပြုနေသည့် ဘဏ်အကောင့်မှာလည်း Daw Thin Nu Soe အမည်ဖြင့်သာ အသုံးပြုနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ Bag Box Packaging Design Mandalay အမည်ဖြင့် Tiktok အကောင့်အား ခိုးယူအသုံးပြုနေခြင်းအား ရပ်ဆိုင်းပေးပါရန်နှင့် အကယ်၍ ဆက်လက်အသုံးပြုနေပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သင်းနုစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ငြိမ်းငြိမ်းကျော် (အထက်တန်းရှေ့နေ) (စဥ်–၅၆၀၅၀)**
**၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၇(အေ)လမ်း၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၄၉၉၂၆၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြစိန် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ အဝီစိရေတွင်း(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ခင်တင့်(ဘ)ဦးမောင်ကို(၉/မနမ(နိုင်)၀၈၆၄၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းထွန်းနိုင်၊ ဒေါ်သီသီဆွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး အမွေဆက်ခံကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်သီသီဆွေ(ဘ)ဦးမြင့်ဆွေ(၉/မရမ(နိုင်)၀၂၅၄၇၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၈လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ သီရိမာလာအိမ်ရာ၊ ခရေတိုက်(၁၆)နေ ဒေါ်ထားထားနွယ် (ဘ)ဦးအုန်းမောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/စကတ(နိုင်)၀၁၅၆၈၇) ကိုင်ဆောင်သူ၏ Passport No-MI 280590 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ထားထားနွယ် ဖုန်း ၀၉-၂၀၀၄၄၃၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၈၈-ခ)၊ ဧရိယာ(ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးမြင့်သန်း အမည်ဖြင့်ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ အဝီစိတွင်း၊ ရေစုပ်စက်၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုကြိအထွေထွေကိုယ်စားလှယ်ပါဝါတို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးညွန့်ရွှေ(အဘ)ဦးဆန်ရီ(၁၃/မဆတ (နိုင်)၀၀၄၈၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်နေ ဒေါ်နီနီဦး(ဘ) ဦးမြင့်သန်း(၉/မရတ(နိုင်)၁၀၁၄၉၀) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၈-၅)၊ ဦးပိုင်အမှတ်(၄၂)(၄၃)၊ (၈-၈)၊ ဦးပိုင်အမှတ်(၁၈)(၁၉)(၃၀)(၃၁) မြေကွက်များသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီဦးက ဦးအောင်ကျော်အေးနှင့် လက်ထပ်ထိမ်းမြားပြီးနောက် ဖြစ်ထွန်းလာသည့် ပစ္စည်းရပ်များဖြစ်ပါသည်။

အထက်ပါ မြေကွက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီဦးက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် ကန့်ကွက်လွှာ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေကွက်များအား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီဦး၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲဒါန်းခြင်း စသည့် အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် အခြားသူများသို့ ကိုယ်စားလှယ်လွှဲအပ်ခြင်းများလည်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနန်းထက်အောင် (LL.B)** | **ဦးနေစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ**

**၆၅(အေ)လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၂၇၂၈၊ ၀၉-၄၂၀၇၆၁၉၁၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၄)၊ ဦးပိုင်အမှတ်(၃/၇)၊ ဧရိယာအရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၁၁)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂ ထပ်) နံကပ်အဆောက်အအုံ၊ ရေ၊ မီး အပြည့်အစုံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်ကျင်အေး(ဘ)ဦးအဟုန်(၉/မရတ(နိုင်)၀၂၁၀၁၈) ပိုင်ဆိုင်သူဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းဝင်း (LL.B) (စဉ်–၁၂၆၇၄)**
**တရားလွှတ်တော်ရှေ့နေ**
**၄၁လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၀၆၅၅၈**

## အများသိစေရန် ကြေညာခြင်း

